# အခန်း(၆) သင်ကြားရေးအစီအစဉ်များ၊ သင်ယူမှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်း

**အခန်းရည်ရွယ်ချက်**

- သူငယ်တန်းဆရာ/မများသည် သင်ယူမှုလုပ်ငန်းသုံးမျိုးကို ဟန်ချက်ညီညီပေါင်းစပ်ပြီး နေ့စဉ်လုပ်ငန်းများစီစဉ်ပြုလုပ်သည်။
- အကြောင်းအရာအခြေပြု ပေါင်းစပ်ချဉ်းကပ်နည်းကိုသိရှိပြီး သင်ကြားရေးအစီအစဉ်များ လက်တွေ့ရေးဆွဲ အသုံးချသည်။
- သူငယ်တန်းကလေးများအတွက် သင်ယူရန်နေရာများမှတစ်ဆင့် ရရှိမည့်အကျိုးကျေးဇူးများကိုသိရှိပြီး အမှန်တကယ်ပြုလုပ်ပေးရန်လိုအပ်သော သင်ယူရန်နေရာများကို ပြင်ဆင်ပြုလုပ်သည်။

**အခန်း(၅)တွင် လေ့လာသင်ယူရမည့်အကြောင်းအရာများ**

- သူငယ်တန်းကလေးများအတွက် သင်ယူမှုလုပ်ငန်းများ
- အကြောင်းအရာအခြေပြုပေါင်းစပ်ချဉ်းကပ်နည်း
- သူငယ်တန်းစာသင်ခန်း
- သင်ယူရန်နေရာများ

**အခန်း(၅)ကို လေ့လာသင်ယူပြီးနောက်**

- သူငယ်တန်းကလေးများအတွက် သင်ကြားရေးအစီအစဉ်များရေးဆွဲခြင်းကို လက်တွေ့အသုံးချလာနိုင်သည်။
- သင်၏စာသင်ခန်းတွင် သင်ယူရန်နေရာများကို စီစဉ်ဆောင်ရွက်လာနိုင်သည်။

## အပိုင်း ၁။ သူငယ်တန်းကလေးများအတွက် သင်ယူမှုလုပ်ငန်းများ

**စဉ်းစားပါ။**

- ➢ သူငယ်တန်းကလေးတစ်ဦး တစ်နေ့တာဘာတွေလုပ်ဖို့လိုအပ်သလဲ။
- ➢ ပုံမှန်လုပ်ငန်းဆိုတာဘာတွေလို့ထင်ပါသလဲ။
- ➢ သူငယ်တန်းကလေးများ ကစားရန်လိုအပ်သည်ဟုထင်ပါသလား၊ ဘာကြောင့်လဲ။

DBE BOX

**ဖတ်ပါ။**

## သင်ယူမှုလုပ်ငန်းများ

သူငယ်တန်းကလေးများသည် ယေဘုယျအားဖြင့် နေ့စဉ်သင်ယူမှုလုပ်ငန်းသုံးမျိုးတွင် ပါဝင်လုပ်ဆောင်ရင်း သင်ယူကြမည်ဖြစ်သည်။ ၎င်းတို့မှာ–

(၁) ပုံမှန်လုပ်ငန်းများ

(၂) ကစားခြင်း

(၃) ဆရာစနစ်တကျပြင်ဆင်ထားသည့်သင်ယူမှုလုပ်ငန်းများ စသည်တို့ဖြစ်ပါသည်။

(၁) **ပုံမှန်လုပ်ငန်းများ**

ကျောင်းသို့ရောက်သည့် နံနက်ပိုင်းစုဝေးချိန်၊ နားချိန်၊ နေ့လယ်စာ စားချိန်၊ ညနေပိုင်း မပြန်မီစုဝေးချိန် စသည့် နေ့စဉ်ပုံမှန်လုပ်ဆောင်ရသည့်အချိန်များကို ဆိုလိုသည်။ နံနက်ကျောင်းသို့ရောက်သည့်အချိန်တွင် ကလေးများအား ကြိုဆိုခြင်း၊ နေရာချထားခြင်းများပြုလုပ်ပြီး ကလေးများ ခဏတာလွတ်လပ်စွာကစားနိုင်ပါသည်။ ထို့နောက်စုပေါင်း၍ နိုင်ငံတော်သီချင်း ဆိုခြင်း၊ ဘုရားရှိခိုးခြင်းများပြုလုပ်ခြင်း၊ ဆရာနှင့်ကလေး စကားအပြန်အလှန်ပြောခြင်း (အကြောင်းအရာအမျိုးမျိုးဖြစ်နိုင်) တစ်နေ့တာအစီအစဉ်ပြောခြင်းတို့ ပြုလုပ်နိုင်ပါသည်။ နားချိန်တွင်ကလေးများကိုယ် လက်သန့်ရှင်းရေးလုပ်ခြင်း၊ အိမ်သာတက်ခြင်း၊ မုန့်စားခြင်းများ ပြုလုပ်နိုင်ပါသည်။ နေ့လယ်စာ စားချိန်တွင် နေ့လယ်စာစားသုံးခြင်း၊ ကလေးများစိတ်ကြိုက်ကစားခြင်း ပြုလုပ်နိုင်သည်။ ညနေပိုင်းမပြန်မီ စုဝေးချိန်တွင် ဆရာက တစ်နေ့တာသင်ခန်းစာနှင့်ပတ်သက်၍ အနှစ်ချုပ်လုပ်ငန်းများ၊ အိမ်ပြန်ရန်နှုတ်ဆက် သီချင်းဆိုခြင်းများ ပြုလုပ်နိုင်ပါသည်။

(၂) **ကစားခြင်း**

ကလေးများသည်စာသင်ခန်းအတွင်းတွင်ဖြစ်စေ၊ စာသင်ခန်းပြင်ပတွင်ဖြစ်စေ စုပေါင်း၍ကစားခြင်း၊ မိမိကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်ကစားခြင်း၊ သတ်မှတ်ထားသော ကစားရန်နေရာတွင် ကစားခြင်းစသည်ဖြင့် ကစားကြစေပါသည်။ ကစားခြင်းကို နေ့စဉ်ပုံမှန်လုပ်ငန်းအချိန်များတွင်သာမက အကြောင်းအရာအလိုက် စနစ်တကျ စီစဉ်ထားသော သင်ခန်းစာသင်ယူမှု လုပ်ငန်းများထဲတွင်ပါ အလျဉ်းသင့်သလို ကစားနည်းများ ထည့်သွင်းလုပ်ဆောင်သွားနိုင်ပါသည်။

(၃) **ဆရာစနစ်တကျပြင်ဆင်ထားသည့်သင်ယူမှုရလဒ်များ**

ဆရာစနစ်တကျပြင်ဆင်ထားသည့် သင်ယူမှုလုပ်ငန်းများဆိုသည်မှာ အကြောင်းအရာတစ်ခုကိုမူတည်၍ သင်ယူမှုနယ်ပယ်အလိုက် မျှော်မှန်းရလဒ်များကို ဦးတည်ပြီးစီစဉ်ထားသည့် သင်ယူမှုလုပ်ငန်းများဖြစ်သည်။ (ဥပမာ–'ဈေးများ' သင်ခန်းစာတွင် အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်းနယ်ပယ်မှ မျှော်မှန်းရလဒ်ရရှိစေ ရန် ဈေးတွင်ရောင်းသော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ပုံများ ရေးဆွဲစေခြင်း)

ကစားခြင်းကိုမူ ပုံမှန်လုပ်ငန်း အချိန်များတွင်သာမက အကြောင်းအရာအလိုက် စနစ်တကျ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းထဲတွင်ပါ အလျဉ်းသင့်သလို ထည့်သွင်းလုပ်ဆောင်သွားရန်ဖြစ်ပါသည်။



**စဉ်းစားပါ။**

- ➢ သူငယ်တန်း တစ်နေ့တာအစီအစဉ်တွင် မည်သည့်အရာများကို ထည့်သွင်းစဉ်းစားသင့်သလဲ။
- ➢ သင်ယူမှုလုပ်ငန်းများကို မည်သို့စီစဉ်ရမလဲ။

အောက်ပါဇယားကို လေ့လာပါ–

## သူငယ်တန်း တစ်နေ့တာအစီအစဉ်

| အချိန် | မိနစ် | လုပ်ငန်း | အသေးစိတ်အကြောင်းအရာ | ပါဝင်မှု |
|---|---|---|---|---|
| ၀၈း၃၀–၀၉း၀၀ | ၃၀ | ပုံမှန် | – ကျောင်းလာချိန်ကြိုဆိုနေရာချထားခြင်း စာသင်ခန်းအတွင်း/အပြင်<br>– လွတ်လပ်စွာကစားခြင်း | တစ်ဦးချင်း |
| ၀၉း၀၀–၀၉း၁၅ | ၁၅ | ပုံမှန် | – အခြားအတန်းကြီးများနှင့်အတူနိုင်ငံတော် သီချင်းဆိုခြင်း၊ အလံတော်အလေးပြုခြင်း၊ ဘုရားရှိခိုးခြင်း။<br>– စုပေါင်းချိန်–ကလေးများနှင့်ရာသီဥတု အခြေအနေ၊ ရပ်ရွာအခြေအနေ၊ ကလေးများ အခြေအနေစသည်အားဖြင့်ပြောခြင်း<br>– တစ်နေ့တာအစီအစဉ်အကြောင်းပြောခြင်း | အားလုံးစုပေါင်း |
| ၀၉း၁၅–၁၀း၁၅ | ၆၀ | စီစဉ်ထားသည့်လုပ်ငန်းများ | ပြောဆိုဆက်သွယ်ခြင်းဖွံ့ဖြိုးမှု (ဘာသာစကားနှင့် စာရေး စာဖတ်သင်ယူချိန်)<br>– အသံများ၊ စကားများကို အာရုံစိုက်နား ထောင်တတ်ခြင်း (နားထောင်ခြင်း)<br>– နေ့စဉ်သုံးဝေါဟာရများ၊ စကားလုံးများ၊ ဝါကျများ၊ သီချင်း၊ ကဗျာ၊ ပုံပြင်များ၊ ဇာတ်လမ်းများပြောခြင်း(ပြောဆိုခြင်း)<br>– ပတ်ဝန်းကျင်ရှိစာများ၊ ရုပ်ပြစာအုပ်များ ကို ဖတ်ရာမှတစ်ဆင့် စာများကိုဖတ်တတ် လာခြင်း(စာဖတ်ခြင်း)<br>– မိမိတို့၏ အတွေ့အကြုံများနှင့် စိတ်ကူး များကို ရုပ်ပုံဖြင့်လည်းကောင်း၊ စာဖြင့် လည်းကောင်း(ကလေးများ ရေးတတ်သလို ရေးသော၊ ကူးရေးသော၊ ကလေးပြော တာကို ဆရာက ရေးပေးခြင်း) ဖော်ပြတတ်ခြင်း၊ (စာရေးခြင်း) | ကလေးအားလုံးနှင့်အတူတကွ |
| ၁၀း၁၅–၁၀း၄၅ | ၃၀ | ပုံမှန် | ခေတ္တနားချိန်<br>– ကိုယ်လက်သန့်ရှင်းရေး<br>– အိမ်သာတက်ခြင်း၊ ဆေးကြောခြင်း<br>– မုန့်စားခြင်း | တစ်ဦးချင်း |
| ၁၀း၄၅–၁၁း၁၅ | ၃၀ | စီစဉ်ထားသည့်လုပ်ငန်းများ | အင်္ဂလိပ်စာ | ကလေးအားလုံးနှင့် အတူတကွ |
| ၁၁း၁၅–၁၂း၁၅ | ၆၀ | စီစဉ်ထားသည့်လုပ်ငန်းများ | အကြောင်းအရာအရ လုပ်ငန်းစဉ်များပြုလုပ်ခြင်း<br>– သင်ယူမှုဖွံ့ဖြိုးမှုနယ်ပယ်အလိုက် ပြင်ဆင် ထားသော သင်ယူမှုလုပ်ငန်းများ | ကလေးအားလုံးနှင့် အတူတကွ |

DBE BOX

| အချိန် | မိနစ် | လုပ်ငန်း | အသေးစိတ်အကြောင်းအရာ | ပါဝင်မှု |
|---|---|---|---|---|
| ၁၂:၁၅–<br>၁၂:၄၅ | ၃၀ | ပုံမှန် | နေ့လယ်စာ စားချိန်<br>– နေ့လယ်စာ စားသုံးခြင်း<br>– ပုံပြင်ပြောခြင်း<br>– နားခြင်း<br>– လွတ်လပ်စွာ ကစားခြင်း<br>– စိတ်ကူးဖြင့်ကစားရသော ကစားနည်းများ<br>– ကစားခြင်း(အတုလုပ်တမ်းကစားခြင်း)<br>– ပုံဆွဲခြင်း၊ ဆေးခြယ်ခြင်း၊ ပုံဖော်ခြင်း<br>– သီဆိုခြင်း၊ ကခြင်း | အားလုံးစုပေါင်း |
| ၁၂:၄၅–<br>၁၃:၃၀ | ၄၅ | ပုံမှန် | နားခြင်း၊ ပုံပြောခြင်း၊ လွတ်လပ်စွာကစားခြင်း | ကလေးအားလုံး<br>နှင့် အတူတကွ |
| ၁၃:၃၀–<br>၁၄:၀၀ | ၃၀ | စီစဉ်ထား<br>သည့် လုပ်<br>ငန်း များ | တီထွင်ဖန်တီးမှုလုပ်ငန်းများ<br>– တီထွင်မှုလုပ်ငန်းများ | ကလေးအားလုံး<br>နှင့် အတူတကွ |
| ၁၄:၀၀–<br>၁၄:၃၀ | ၃၀ | ပုံမှန် | – တစ်နေ့တာအနှစ်ချုပ် သုံးသပ်ခြင်း<br>– အိမ်ပြန်ရန် ပြင်ဆင်၊ နှုတ်ဆက်သီချင်း ဆိုခြင်း | ကလေးအားလုံး<br>နှင့် အတူတကွ၊<br>တစ်ဦးချင်း |

နေ့စဉ်အချိန်ဇယားသည် ဆရာများအတွက် လမ်းပြမြေပုံဖြစ်သည့်အတွက် ဆရာတိုင်း အချိန်ဇယား ထားရှိရန်လိုအပ်ပါသည်။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ရပ်ကို အထောက်အကူဖြစ်စေသော သင်ယူမှုရလဒ် များနှင့်အညီ ဟန်ချက်ညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများ ကို အချိန်ဇယားတွင် ထည့်သွင်း ထား၍ မဖြစ်မနေလုပ်ဆောင်ကြရပါမည်။

သူငယ်တန်းသင်ရိုးသစ်တွင် တစ်နေ့တာကျောင်းချိန်အတွင်း ဆရာနှင့်ကလေးအတူ လုပ်ကိုင် ဆောင်ရွက်မည့်အချိန်မှာ စုစုပေါင်း ၄ နာရီရှိပါသည်။ ဆရာနှင့်ကလေး အတူလုပ်ကိုင် ဆောင်ရွက်မည့် စုစုပေါင်း ၄ နာရီမှာ–

| | | | |
|---|---|---|---|
| ၁ | ဆရာစီစဉ်ထားသည့်လုပ်ငန်းများမှာ | – ပြောဆိုဆက်သွယ်ခြင်းဖွံ့ဖြိုးမှု | ၆၀ မိနစ် |
| | | – အင်္ဂလိပ်စာ | ၃၀ မိနစ် |
| | | – အကြောင်းအရာအရလုပ်ငန်းစဉ်များ (သင်ယူဖွံ့ဖြိုးမှုနယ်ပယ်အလိုက် ပြင်ဆင်ထားသောလုပ်ငန်းများ) | ၆၀ မိနစ် |
| | | – တီထွင်ဖန်တီးမှုလုပ်ငန်းများ | ၃၀ မိနစ် |
| ၂ | ပုံမှန်လုပ်ငန်းများ | – နံနက်ပိုင်း စုပေါင်းချိန် | ၁၅ မိနစ် |
| ၃ | ကစားခြင်း | – နားခြင်း၊ ပုံပြောခြင်း၊ လွတ်လပ်စွာ ကစားခြင်း | ၄၅ မိနစ် |
| | | စုစုပေါင်း | ၂၄၀ မိနစ် (၄ နာရီ) |

**မှတ်ချက်။** မိမိတို့ကျောင်းချိန်နှင့်ညှိနှိုင်း၍ ကျန်အချိန် (ကျန်လုပ်ငန်း)များကို ပြုလုပ်ရပါမည်။

DBE BOX

ထို့ကြောင့် ဆရာ၊ဆရာမများသည် သင်ယူမှုလုပ်ငန်း ၃ မျိုးကို ဟန်ချက်ညီညီပေါင်းစပ်ပြီး နေ့စဉ်လုပ်ငန်းများကို စီစဉ်ရန်လိုအပ်ပါသည်။ တစ်နေ့တာအစီအစဉ်တွင် ကလေးများအား ကြိုဆိုချိန်နှင့် စာသင်ခန်းသန့်ရှင်းရေး အချိန်တို့ကိုလည်း မမေ့မလျော့ထည့်သွင်းစီစဉ် ကြရပါမည်။

တစ်နေ့တာအစီအစဉ်တွင် ဆရာစီစဉ်ထားသည့်လုပ်ငန်းများသည် ၄ ကြိမ်ပါဝင်ပါသည်။ ပြောဆိုခြင်းဖွံ့ဖြိုးမှုနယ်ပယ်(မြန်မာဘာသာ၊ အင်္ဂလိပ်) အနုပညာရသခံစားခြင်းနယ်ပယ်(တီထွင်ဖန်တီးနှင့်သီဆိုကပြ) တို့ကို နေ့စဉ်ပြုလုပ်ရမည်ဖြစ်သည်။ ကျန်နယ်ပယ် ၄ ခုဖြစ်သော ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ သင်္ချာဆိုင်ရာအခြေခံများကို စူးစမ်းလေ့လာခြင်းနှင့် ပတ်ဝန်းကျင်လောကကို သိရှိခံစားခြင်းတို့သည် သင်ယူရမည့်အကြောင်းအရာ ခေါင်းစဉ်အလိုက်သာ ပါဝင်မည်ဖြစ်သည်။

## အပိုင်း ၂။ အကြောင်းအရာအခြေပြုပေါင်းစပ်ချဉ်းကပ်နည်း

**စဉ်းစားပါ။**

- ➢ အကြောင်းအရာပေါင်းစပ်ချဉ်းကပ်နည်းဆိုတာကြားဖူးပါသလား။ ဘယ်လိုနားလည်ပါသလဲ။

**ဖတ်ပါ။**

### အကြောင်းအရာပေါင်းစပ်ချဉ်းကပ်နည်း

သူငယ်တန်းသင်ရိုးညွှန်းတမ်းတွင် ဘာသာရပ်တစ်ခုချင်းစီအဖြစ် သီးသန့်ဖွဲ့စည်းထားခြင်းမရှိပါ။ သူငယ်တန်းအရွယ် ကလေးများနှင့်သင့်လျော်မည်ဟုယူဆကာ ရွေးချယ်ထားသော အကြောင်းအရာခေါင်းစဉ်တစ်ခုချင်းစီတွင် ကလေးများက လက်တွေ့လုပ်ငန်းများလုပ်ဆောင်ရင်း သင်ယူကြရမည်ဖြစ်သည်။ သူငယ်တန်းစာသင်နှစ်တွင် ကလေးများသည် သင်ယူဖွံ့ဖြိုးမှု နယ်ပယ် ၆ ခုအရ နယ်ပယ် ၁ ခုချင်းအလိုက် ကလေးများရရှိသွားစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထား(Knowledge, skill and attitude) များကို ရရှိနိုင်ရန် အကြောင်းအရာအခြေပြု ပေါင်းစပ်ချဉ်းကပ်နည်းဖြင့် အသုံးပြု သင်ကြားရပါမည်။

အကြောင်းအရာအခြေပြုပေါင်းစပ်ချဉ်းကပ်နည်းသည် ခေါင်းစဉ်ကြီး တစ်ခုအပေါ် မူတည်ကာ ကလေးများသင်ယူမည့်အကြောင်းအရာများ သင်ယူရရှိစေလိုသည့်အချက်များနှင့် သင်ယူမှုလုပ်ငန်းများကို ပေါင်းစပ်စီစဉ်ထားခြင်းဖြစ်သည်။ အကြောင်းအရာ တစ်ခုတည်းကို သာ ပင်တိုင်ထားကာ နယ်ပယ် ၆ ခုနှင့် ချိတ်ဆက်လုပ်ဆောင်ရသဖြင့် သင်ယူမှုလုပ်ငန်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိကာ ကလေးများ၏သင်ယူမှုကိုပိုမိုထိရောက်စေပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဆရာ၊ဆရာမများအနေဖြင့် သင်ယူမှုလုပ်ငန်းကွန်ရက်ရေးဆွဲပြီး ပြင်ဆင်သင့်ပါသည်။ သင်ယူမှုလုပ်ငန်းကွန်ရက်ရေးဆွဲရာတွင် အောက်ပါလုပ်ငန်းအဆင့်များ ပါရှိရပါမည်-

(၁) မိမိသင်ကြားမည့် 'ခေါင်းစဉ်' အလိုက် သင်ယူဖွံ့ဖြိုးမှုနယ်ပယ်တစ်ခုချင်းစီအတွက် သင်ကြားမည့်ခေါင်းစဉ်နှင့် ချိတ်ဆက်နေသော ကလေးများ ရရှိသွားမည့် ဦးတည်ချက် (သင်ယူမှုရလဒ်) ချပါ။

DBE BOX

(၂) မိမိချမှတ်ထားသော ဦးတည်ချက်(သင်ယူမှုရလဒ်)ရရှိစေမည့် အကြောင်းအရာ(Content) များကို ရွေးချယ်ပါမည်။ အကြောင်းအရာဆိုသည်မှာ သင်ကြားမည့်ခေါင်းစဉ်အရ ကလေးများ သိရှိသွားစေလိုသည့် အသိသညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ ရရှိစေမည့် အကြောင်းအရာများဖြစ်ပါသည်။

(၃) အကြောင်းအရာနှင့်ကိုက်ညီသော သင်ယူမှုလုပ်ငန်းများ(ကစားခြင်း၊ ကဗျာဆိုခြင်း၊ လက်တွေ့ ပြုလုပ်ခြင်း ... စသည့်)များကို စဉ်းစားဖော်ထုတ်ရပါမည်။

(၄) ထိုသင်ယူမှုလုပ်ငန်းများထဲမှ မိမိကလေးများနှင့် အသင့်လျော်ဆုံးဖြစ်မည့်သင်ယူမှု လုပ်ငန်း များကို သတ်မှတ်ဆုံးဖြတ်ရပါမည်။

(၅) အကြောင်းအရာခေါင်းစဉ်တစ်ခုကို သင်ကြားချိန်ရက်သတ္တနှစ်ပတ်အတွက် သတ်မှတ် စီစဉ် ရမည်။

**ဖတ်ပါ။**

'မိမိအကြောင်း'ကို အကြောင်းအရာခေါင်းစဉ်အဖြစ်ရွေးချယ်ပြီး စဉ်းစားဖော်ထုတ်ထားသည့် သင်ယူမှုလုပ်ငန်းများကို နမူနာအဖြစ်ဖော်ပြထားပါသည်။

၁။ 'မိမိအကြောင်း' သင်ခန်းစာခေါင်းစဉ်တွင် နယ်ပယ်တစ်ခုချင်းစီအလိုက် ကလေးများသိ ရှိသွား စေလိုသော သင်ယူမှုရလဒ်များကို ဦးစွာချမှတ်ပါ။

ဥပမာ–ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း နယ်ပယ်အတွက် သင်ယူမှုရလဒ် များမှာ–

- မိမိနှစ်သက်သော အစားအစာများမှ စားသင့်သော အစားအစာနှင့် မစားသင့်သော အစားအစာ တို့ကို ခွဲခြားတတ်ရန်၊
- မိမိနှစ်သက်သော ကစားနည်းများကို လက်တွေ့ကစားတတ်ရန်၊
- မိမိကိုယ်ခန္ဓာအစိတ်အပိုင်းများကိုသိရှိပြီး တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ဆောင်တတ်ရန်၊

၂။ 'မိမိအကြောင်း'ကို အကြောင်းအရာအဖြစ်ရွေးချယ်ပြီး စဉ်းစားဖော်ထုတ်ထားသည့် အကြောင်း အရာများကို သတ်မှတ်ပါသည်။ (ဥပမာ– နှစ်သက်သော အစားအစာ၊ နှစ်သက်သော ကစားနည်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး)

၃။ စဉ်းစားဖော်ထုတ်ထားသော အကြောင်းအရာအရ သင်ယူမှုလုပ်ငန်းများကို စီစဉ်ပါ။ (ဥပမာ– အစားအစာ ခွဲခြားကစားခြင်း၊ နှစ်သက်ရာ ကစားနည်းကစားခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးကဗျာ သီဆိုခြင်း)

ခေါင်းစဉ်– မိမိအကြောင်း

| စဉ် | နယ်ပယ် | သင်ယူမှုရလဒ် | အကြောင်းအရာ | လုပ်ငန်း |
|---|---|---|---|---|
| ၁။ | ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာခြင်း | – မိမိနှစ်သက်သောအစားအစာများမှ စားသင့်သော အစားအစာနှင့် မစားသင့်သော အစားအစာတို့ကို ခွဲခြားတတ်ရန် | – မိမိနှစ်သက်သော အစားအစာ | အစားအစာ ခွဲခြားကစားခြင်း |

| စဉ် | နယ်ပယ် | သင်ယူမှုရလဒ် | အကြောင်းအရာ | လုပ်ငန်း |
|---|---|---|---|---|
| | | – မိမိနှစ်သက်သော ကစားနည်းများကို လက်တွေ့ ကစားတတ်ရန် | နှစ်သက်သော ကစားနည်း | – နှစ်သက်ရာ ကစားနည်း ကစားခြင်း<br>– ဆရာပြော သည့်ကစား နည်းကို ကစားခြင်း |
| | | – မိမိကိုယ်ခန္ဓာ အစိတ်အပိုင်းများကိုသိရှိပြီး တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ဆောင်တတ်ရန် | – ခန္ဓာကိုယ် အစိတ်အပိုင်း များ<br>– တစ်ကိုယ်ရေ သန့်ရှင်းရေး | တစ်ကိုယ်ရေ သန့်ရှင်းရေး ကဗျာ သီဆို ခြင်း |

မိမိအကြောင်း သင်ယူမှုလုပ်ငန်းကွန်ရက်ရေးဆွဲရာတွင် နယ်ပယ်အလိုက် သင်ယူမှုရလဒ်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်–

| စဉ် | နယ်ပယ် | သင်ယူမှုရလဒ် |
|---|---|---|
| ၁ | ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း | – မိမိနှစ်သက်သော အစားအစာများမှ စားသင့်သော အစားအစာနှင့် မစားသင့်သော အစားအစာတို့ကို ခွဲခြားတတ်ရန်<br>– မိမိနှစ်သက်သော ကစားနည်းများကို လက်တွေ့ကစားတတ်ရန်၊<br>– မိမိကိုယ်ခန္ဓာ အစိတ်အပိုင်းများကိုသိရှိပြီး တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ဆောင်တတ်ရန်၊ |
| ၂ | စာရိတ္တ၊မိတ္တနှင့် စိတ်လှုပ်ရှားမှု | – မိမိ၏အမည်၊ အသက်၊ မွေးနေ့၊ နေရပ်နှင့် မိဘအမည်များကို အများရှေ့တွင်ပြောပြတတ်ရန်<br>– မိမိကိုယ်မိမိသိရှိပြီး မိမိနှင့်အခြားသူများအကြားတူညီမှု၊ ကွဲပြား ခြားနားမှုများကို ပြောပြနိုင်သည်။<br>– ကောင်းသောအမူအကျင့်များကိုဖော်ထုတ်တတ်ရန် |
| ၃ | ပြောဆိုဆက် သွယ်ခြင်း | – အမည်များကို နားထောင်၍ အသံတူရာခွဲတတ်ရန်<br>– ညွှန်ကြားချက်အတိုင်းလိုက်နာဆောင်ရွက်တတ်ရန်<br>– ရုပ်ပုံကိုကြည့်၍ ကလေးများ၏ထင်မြင်ချက်ကို ပြောတတ်ရန် |
| ၄ | သင်္ချာဆိုင်ရာ အခြေခံများကို စူးစမ်း လေ့လာ ခြင်း | – အရာဝတ္ထုများကိုယှဉ်တွဲခြင်း၊ နှိုင်းယှဉ်ခြင်း၊ အစဉ်လိုက် စီခြင်းများ ပြုလုပ်တတ်ရန်<br>– အရာဝတ္ထုပစ္စည်းများကို အရောင်၊ ပုံသဏ္ဌာန်၊ အရွယ်အစားပေါ် မူတည်၍ခွဲခြားနိုင်ပြီးတူရာစုတတ်ရန် |
| ၅ | အနုပညာရသ ခံစားခြင်းနှင့် ဖန်တီးခြင်း | – သီချင်းများကိုဟန်အမူအရာဖြင့်သီဆိုတတ်ရန်<br>– သီချင်းများကိုကာရန်နှင့်အညီသီဆိုတတ်ရန်<br>– စက္ကူကိုသုံး၍ပုံသဏ္ဌာန်များကိုအသေးစိတ်ပုံဖော်တတ်ရန်<br>– လူပုံ၊တိရစ္ဆာန်ပုံများကို ရေးဆွဲတတ်ရန် |
| ၆ | ပတ်ဝန်းကျင် လောကကို သိရှိနားလည်ခြင်း | – အရာဝတ္ထုများ၊ပစ္စည်းများကို အာရုံငါးပါးသုံးပြီးစူးစမ်း လေ့လာနိုင် သည်။ |

ထိုသင်ယူမှုရလဒ်များသည် အခန်း(၃) သူငယ်တန်းသင်ရိုးညွှန်းတမ်း အညွှန်းဘောင်တွင် ဖော်ပြထားသော သူငယ်တန်းကလေးများအတွက် မျှော်မှန်းရလဒ်များအရ ဖော်ထုတ်ထားခြင်းဖြစ်ပါသည်။

(နယ်ပယ် တစ်ခုချင်းအလိုက် သူငယ်တန်းစာသင်နှစ်ဆုံးတွင် ကလေးများ ရရှိသွားရမည့် သင်ယူမှုရလဒ်များကို နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။)




**မိမိအကြောင်းသင်ယူမှုလုပ်ငန်းကွန်ရက်**

**ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း**

| အကြောင်းအရာ | လုပ်ငန်းများ |
|---|---|
| -နှစ်သက်သောအစားအစာ | • အစားအစာခွဲခြားကစားနည်း |
| -မိမိနှစ်သက်ရာကစားနည်း | • လက်တွေ့ကစားခြင်း |
| -ခန္ဓာကိုယ်စိတ်အပိုင်းများ | • ကဗျာဆိုခြင်း |
| -တစ်ကိုယ်ရေသန့်ရှင်းရေး | • ဆွေးနွေးခြင်း |

**ပတ်ဝန်းကျင်လောကကိုသိရှိနားလည်ခြင်း**

| အကြောင်းအရာ | လုပ်ငန်းများ |
|---|---|
| -အာရုံငါးပါးဖြင့် ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာခြင်း | • Magic Bag ကစားနည်း<br>• အကြားအာရုံသုံး၍ ကစားခြင်း<br>• မှတ်ဉာဏ်ကစားခြင်း |

**စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှု**

| အကြောင်းအရာ | လုပ်ငန်းများ |
|---|---|
| -မိမိနှင့်အခြားသူ၏ တူညီမှုမတူညီမှုများ | • မိတ်ဆက်ခြင်း<br>• နှစ်ဦးအပြန်အလှန် ပြောခြင်း |
| -မိမိ၏အမူအကျင့်များ | • ကောင်းသောအမူအကျင့်များကစားနည်း |

**မိမိအကြောင်း**

**အနုပညာရသခံစားမှု**

| အကြောင်းအရာ | လုပ်ငန်းများ |
|---|---|
| -သီဆိုခြင်း | • ဟန်အမူအရာဖြင့် သီဆိုခြင်း<br>• ကာရန်နှင့်အညီသီဆို ကခုန်ခြင်း |
| -လက်မှုလုပ်ငန်း ပြုလုပ်ခြင်း | • စက္ကူရုပ်ခေါက်ခြင်း<br>• ရုပ်ပုံများရေးဆွဲခြင်း |

**ပြောဆိုဆက်သွယ်ခြင်း**

| အကြောင်းအရာ | လုပ်ငန်းများ |
|---|---|
| -နားထောင်ခြင်း | • မိတ်ဆက်ခြင်း<br>• တစ်နှစ်တာအတွက် အခြေခံစည်းမျဉ်းများ |
| -ပြောဆိုခြင်း | • ကလေးများနှင့် ဆရာအတူပြောခြင်း |

**သင်္ချာ**

| အကြောင်းအရာ | လုပ်ငန်းများ |
|---|---|
| -ယှဉ်တွဲခြင်း | • အရောင်၊ပုံသဏ္ဌာန် အရွယ်အစားယှဉ်တွဲခြင်း |
| -တူရာစုခြင်း | • အရောင်၊ပုံသဏ္ဌာန် အရွယ်အစားတူရာစုခြင်း |

DBE BOX

## တစ်ပတ်စာအချိန်ဇယား

**စဉ်းစားပါ။**

- မိမိစာသင်ခန်းတွင် ဆရာ၊ဆရာမများအနေဖြင့်မည်သည့်သင်ယူမှုနယ်ပယ်မှ မည်သည့် သင်ယူမှုလုပ်ငန်းများကို စီစဉ်သင်ကြားနေပါသလဲ။
- တစ်နေ့တာ၊ တစ်ပတ်စာအစီအစဉ်အတိုင်း သတ်မှတ်လုပ်ဆောင်သွားမည်ဆိုပါက မည်သို့ဖြစ်မည်နည်း။

အောက်ပါ တစ်ပတ်စာသင်ချိန်ဇယားကို လေ့လာပါ-

**မိမိအကြောင်းကို အခြေပြုပြီး သင်ယူမှုလုပ်ငန်းများ စီစဉ်ရေးဆွဲထားသည့် တစ်ပတ်စာအချိန်ဇယား**

| အချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၀၈း၃၀-၀၉း၀၀ | ကျောင်းလာချိန် ကြိုဆို၊ နေရာချ၊ ရောက်နှင့်သူများက စိတ်ကြိုက်အတန်းအတွင်း၊ အပြင် လွတ်လပ်စွာကစားခြင်း။ | | | | |
| ၀၉း၀၀-၀၉း၁၅ | ကျောင်းစတက်-အခြားအတန်းကြီးများနှင့်အတူနိုင်ငံတော်သီချင်းသီဆိုခြင်း၊အလံတော်အလေးပြုခြင်း၊ ဘုရားရှိခိုးခြင်း။ စုပေါင်းချိန်-ကလေးများနှင့်ရာသီဥတုအခြေအနေ၊ရပ်ရွာအခြေအနေ၊ကလေးများအခြေအနေ စသည်အားဖြင့်ပြောခြင်း၊ တစ်နေ့တာအစီအစဉ်ပြောခြင်း။ | | | | |
| ၀၉း၁၅-၁၀း၁၅ | ပြောဆိုဆက်သွယ်<br>-နှုတ်ဆက်ခြင်း<br>-မိတ်ဆက်ခြင်း<br>-'ကျောင်းခန်းဝင်' ကဗျာ | ပြောဆိုဆက်သွယ်<br>-ကျောင်းခန်းဝင် ကဗျာ<br>-လမ်းလျှောက်ပုံ မျိုးစုံကစားနည်း<br>-အသံအမျိုးမျိုးကို နားထောင်ခြင်း | ပြောဆိုဆက်သွယ်<br>-အသံအမျိုးမျိုးကို နားထောင်ခြင်း<br>-'ကျောင်းခန်းဝင်' ကဗျာ | ပြောဆိုဆက်သွယ်<br>-ကျောင်းခန်းဝင် ကဗျာ<br>-ပုံပြင်စာအုပ် မိတ်ဆက်<br>-'ကျနော့်အမေ လားခင်ဗျာ'ပုံပြင် | ပြောဆိုဆက်သွယ်<br>-'ကျနော့်အမေ လားခင်ဗျာ'ပုံပြင် |
| ၁၀း၁၅-၁၀း၄၅ | ခေတ္တနားချိန်-ကိုယ်လက်သန့်ရှင်းရေး | | | | |
| ၁၀း၄၅-၁၁း၄၅ | အင်္ဂလိပ်စာ | | | | |
| ၁၁း၁၅-၁၁း၄၅ | ကိုယ်စိတ်နှစ်ဖြာ<br>-မိမိနှစ်သက်သော အစားအစာ | ပတ်ဝန်းကျင်<br>-အရာဝတ္ထုများကို အာရုံငါးပါးဖြင့်စူးစမ်းလေ့လာခြင်း | ပတ်ဝန်းကျင်<br>-မိမိနှစ်သက် သောကစား နည်းများ | ပတ်ဝန်းကျင်<br>-အရာဝတ္ထုများကို အာရုံငါးပါးဖြင့်စူးစမ်းလေ့လာခြင်း | ပတ်ဝန်းကျင်<br>-မိမိနှစ်သက် သူများ |
| ၁၁း၄၅-၁၂း၁၅ | သင်္ချာဆိုင်ရာ<br>-အရာဝတ္ထုများ ယှဉ်တွဲခြင်း (အရောင်) | မိတ္တ၊စာရိတ္တ<br>-မိမိကိုယ်တိုင် သိခြင်း | သင်္ချာဆိုင်ရာ<br>-အရာဝတ္ထုများ ယှဉ်တွဲခြင်း (ပုံသဏ္ဍာန်) | မိတ္တ၊စာရိတ္တ<br>-မိမိကိုယ်တိုင် သိခြင်း | သင်္ချာဆိုင်ရာ<br>-အရာဝတ္ထုများ ယှဉ်တွဲခြင်း (အရွယ်အစား) |
| ၁၂း၁၅-၁၂း၄၅ | နေ့လယ်စာ စားချိန် | | | | |
| ၁၂း၄၅-၁၃း၃၀ | နားခြင်း၊ ပုံပြောခြင်း၊ လွတ်လပ်စွာ ကစားခြင်း | | | | |
| ၁၃း၃၀-၁၄း၀၀ | တီထွင်ဖန်တီးခြင်း<br>-မိမိနှစ်သက်ရာလူ တိရစ္ဆာန်ပုံဆွဲခြင်း | သီဆိုကပြ<br>-မိမိအကြောင်း သီချင်း | တီထွင်ဖန်တီးခြင်း<br>-စက္ကူရုပ်ခေါက်ခြင်း | သီဆိုကပြ<br>-'လူရှည်ကြီး' ကဗျာ | တီထွင်ဖန်တီးခြင်း<br>-စက္ကူရုပ်ခေါက်ခြင်း |
| ၁၄း၀၀-၁၄း၃၀ | တစ်နေ့တာအနှစ်ချုပ်သုံးသပ်၊ အိမ်ပြန်ရန်ပြင်ဆင်၊ နှုတ်ဆက်သီချင်းဆိုခြင်း | | | | |

## အကြံပြုချက်။

သူငယ်တန်းစာသင်နှစ်တွင် အကြောင်းအရာခေါင်းစဉ် ၁၅ ခုကို သင်ယူကြရမည်ဖြစ်သည်။ ခေါင်းစဉ်တစ်ခုစီအတွက် သင်ကြားချိန် ၂ ပတ် သတ်မှတ်ထားရာ ခေါင်းစဉ်တစ်ခုစီတွင် အောက်ပါအတိုင်း သင်ချိန်များ သတ်မှတ်ထားပါသည်-

| စဉ် | သင်ယူဖွံ့ဖြိုးမှုနယ်ပယ် | သင်ချိန် |
|---|---|---|
| ၁ | ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း | ၄ |
| ၂ | စာရိတ္တ၊ မိတ္တနှင့်စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်း | ၄ |
| *၃ | အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း(မြန်မာ+အင်္ဂလိပ်) | ၃၀ |
| *၄ | သင်္ချာအခြေခံများကိုစူးစမ်းလေ့လာခြင်း | ၆ |
| *၅ | အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း | ၁၀ |
| ၆ | ပတ်ဝန်းကျင်လောကကိုသိရှိနားလည်ခြင်း | ၆ |

၎င်းနယ်ပယ်အလိုက် သင်ချိန်ခွဲဝေမှုများတွင် * ကြယ်ပွင့်ပြထားသောနယ်ပယ်များနှင့် သင်ချိန်များ ခေါင်းစဉ်တိုင်းတွင်ပါရှိရပါမည်။

ထိုနယ်ပယ်များနှင့် သင်ချိန်များမှလွဲ၍ ကျန်နယ်ပယ်များ၏ သင်ချိန်ခွဲဝေမှုများမှာ အကြောင်းအရာခေါင်းစဉ်ပေါ်မူတည်၍ပြောင်းလဲမှုရှိနိုင်ပါသည်။

သို့သော် လိုအပ်သော သင်ချိန်များကို အခြားခေါင်းစဉ်များတွင် ထည့်သွင်းထားပြီး နှစ်ဆုံးပါက တစ်နှစ်သတ်မှတ်စာသင်ချိန်များ အပြည့်ရရှိသွားပြီး ကလေးများ၏ သင်ယူဖွံ့ဖြိုးမှုများအားလုံး စုံညီစွာ ရရှိသွားမည်ဖြစ်သည်။

ယခုကဲ့သို့ စီစဉ်ထားသည့်အတိုင်း သူငယ်တန်းစာသင်နှစ်တွင် သင်ကြားရမည့် အကြောင်းအရာ ခေါင်းစဉ် (၁၅)ခုကို ခေါင်းစဉ် ၁ ခုလျှင် (၂)ပတ်စာ သင်ယူမှုလုပ်ငန်းများဖြင့် သင်ပြမှုပုံစံကို စီစဉ်ထားပါသည်။

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

- 'ရာသီဥတု' ခေါင်းစဉ်ဖြင့် သင်ယူမှုကွန်ရက် ရေးဆွဲပါ။
- ရေးဆွဲထားသော သင်ယူမှုကွန်ရက်ပါ လုပ်ငန်းများကို တစ်ပတ်စာသင်ချိန်ဇယားတွင် ထည့်သွင်းပါ။

## လပိုင်းမာတိကာခွဲဝေမှု

### စဉ်းစားပါ။

- သူငယ်တန်းအရွယ်ကလေးများသည် ဘယ်လိုအကြောင်းတွေသိထားဖို့လိုသလဲ။
- ဘာကြောင့်သိဖို့လိုတာလဲ။
- ဒီအကြောင်းအရာတွေကို စာသင်နှစ်အတွင်း ဘယ်လိုသင်ပေးမလဲ။

### ဖတ်ပါ။

သူငယ်တန်းကလေးများအတွက် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် ၆ ခုဆိုင်ရာ ကျွမ်းကျင်မှုများရရှိစေရန် အကြောင်းအရာခေါင်းစဉ် ၁၅ ခုကိုရွေးချယ်သတ်မှတ်ထားပါသည်။

ခေါင်းစဉ်များကို ကလေးများစိတ်ဝင်စားသော မိမိတို့အိမ်နီးချင်းများ၊ ကလေးများ ပတ်ဝန်းကျင်ရှိ ကလေးများနှင့်ရင်းနှီးသောသတ္တဝါများ၊ အပင်များ၊ ရပ်ရွာဒေသအတွင်းရှိအဖြစ် အပျက်များ၊ မိမိပတ်ဝန်း ကျင်နှင့်ဆက်စပ်နေသော ဖြစ်အပျက်များအပေါ်အခြေခံ၍ စီစဉ်ထားခြင်း ဖြစ်ပါသည်။

ထိုခေါင်းစဉ်များကိုစီစဉ်ရာတွင် မိမိကိုဗဟိုပြု၍ မိမိ မိသားစု၊ ကျောင်း၊ ရပ်ရွာနှင့် ကလေး၏ ပတ်ဝန်းကျင် စသည်ဖြင့် ချဲ့ထွင်ရေးဆွဲထားပါသည်။

ထိုခေါင်းစဉ်များကို စာသင်နှစ်တစ်နှစ်အတွင်း ၁ လလျှင် ခေါင်းစဉ် ၂ ခု ၊ ခေါင်းစဉ် ၁ ခုလျှင် ရက်သတ္တပတ် ၂ ပတ်ဖြင့်စီစဉ်ထားပါသည်။

| စဉ် | အကြောင်းအရာခေါင်းစဉ် | အပိုင်း |
|---|---|---|
| ၁ | မိမိအကြောင်း | ဇွန်လ |
| ၂ | တို့မိသားစု | |
| ၃ | တို့ကျောင်း | ဇူလိုင်လ |
| ၄ | တို့ရပ်ရွာ | |
| ၅ | အပင်များ | ဩဂုတ်လ |
| ၆ | ရာသီဥတု | |
| ၇ | သယ်ယူပို့ဆောင်ရေး | စက်တင်ဘာလ |
| ၈ | ဈေးများ | |
| ၉ | ပွဲတော်များ | အောက်တိုဘာလ |
| ၁၀ | ငါး | |
| ၁၁ | ရေ | နိုဝင်ဘာလ |
| ၁၂ | ပိုးကောင်လေးများ | |
| ၁၃ | အိမ်များ | ဒီဇင်ဘာလ |
| ၁၄ | ငှက်များ | ဇန်နဝါရီလ |
| ၁၅ | နို့တိုက်သတ္တဝါများ | |

DBE Box

**အကြံပြုချက်။**

သူငယ်တန်းစာသင်နှစ်အတွင်းတွင် ကလေးများသည် သင်ယူဖွံ့ဖြိုးမှုနယ်ပယ်(၆)ခုကို နယ်ပယ် ၁ ခုချင်းအလိုက်သတ်မှတ်ထားသော သင်ယူမှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ရင်း သင်ယူကြရမည် ဖြစ်သည်။ သူငယ်တန်းစာသင်နှစ်တစ်နှစ်အပြီးတွင် ကလေးများ ရရှိတတ်မြောက်သွားရမည်တို့ကို နယ်ပယ် တစ်ခုချင်းအလိုက် မျှော်မှန်းရလဒ်အဖြစ်ချမှတ်ထားသည်ကို အခန်း(၃) သင်ရိုးညွှန်းတမ်းအညွှန်းဘောင် အခန်းတွင်လေ့လာခဲ့ပြီးဖြစ်ပါသည်။

နယ်ပယ်တစ်ခုချင်းရှိ မျှော်မှန်းရလဒ်တစ်ခုချင်းအတွက် အသေးစိတ်သင်ယူမှုရလဒ်များ အဖြစ် ထပ်မံခွဲထုတ်၍ ကလေးများသိရှိသွားရမည့် အကြောင်းအရာအလိုက် သင်ယူမှုဦးတည် ချက်များချမှတ်ထား ပါသည်။(နောက်ဆက်တွဲ–က ဖြင့် ဖော်ပြထားပါသည်။)

ကလေးများနှင့်ပြုလုပ်မည့် သင်ကြားသင်ယူမှုလုပ်ငန်းများကို ထိုသင်ယူမှုရလဒ်များ ပေါက်မြောက် စေမည့် လုပ်ငန်းများပြုလုပ်ရပါမည်။ သင်ကြားသင်ယူမှုလုပ်ငန်းတစ်ခုချင်းအလိုက် ရရှိသွားမည့်သင်ယူမှု ရလဒ်များသည် စာသင်နှစ်တစ်နှစ်ပြီးဆုံးချိန်တွင် ကလေးများအတွက် ချမှတ်ထားသော မျှော်မှန်းရလဒ် များရရှိသွားမည်ဖြစ်သည်။

ဆရာ/မများအနေဖြင့် မိမိတို့ဒေသနှင့်ကိုက်ညီသော ခေါင်းစဉ်များကို ပြောင်းလဲ၍ အသုံးပြုနိုင်ပါ သည်။ ထိုသို့ ခေါင်းစဉ်များ ပြောင်းလဲအသုံးပြုပါက ခေါင်းစဉ်နှင့် ကိုက်ညီသော သင်ယူမှုလုပ်ငန်း ကွန်ရက်ရေးဆွဲရပါမည်။ ထိုသို့ရေးဆွဲရာတွင် သင်ယူမှုရလဒ်များကို မပျောက်စေဘဲ နောက်ဆက်တွဲတွင် ဖော်ပြထားသော သင်ယူမှုရလဒ်များနှင့် သင်ချိန်များအတိုင်း သာ ဖြစ်ရပါမည်။

## အပိုင်း ၃။ သူငယ်တန်းစာသင်ခန်း

### သူငယ်တန်းစာသင်ခန်း၏ ရုပ်ပိုင်းဆိုင်ရာဝန်းကျင်

**စဉ်းစားပါ။**

- သူငယ်တန်း(KG) စာသင်ခန်းကို ကျောင်းရဲ့ဘယ်လိုနေရာမှာ ထားသင့်သလဲ။
- စာသင်ခန်းသည် ဘယ်လိုဖြစ်သင့်သလဲ။ ဘယ်လိုပြင်ဆင်ရမလဲ။
- စာသင်ခန်းတွင်း ပစ္စည်းတွေကကော ဘာပစ္စည်းတွေရှိရမလဲ။ ဘယ်လိုထားရမလဲ။

**ဖတ်ပါ။**

> သူငယ်တန်းစာသင်ခန်း
>
> သူငယ်တန်းသည် ကလေးအများစုအတွက် အိမ်မှကျောင်းသို့ အကူးအပြောင်းကာလ တစ်ခုဖြစ်သည်။ ထိုအကူးအပြောင်းကို ညင်သာစွာကူးပြောင်းနိုင်ရန် ကလေးများနေထိုင် လုပ်ကိုင်ရမည့် စာသင်ခန်း ပတ်ဝန်းကျင်အနေအထားသည် အိမ်နှင့် များစွာမကွာဟသင့်ပါ။ အချို့သော ကလေးများအနေဖြင့်

မူလတန်းကြိုကျောင်းများတွင် သင်ယူခဲ့သည့်အတွေ့အကြုံရှိသဖြင့် အများနှင့်နေထိုင်လုပ်ကိုင်ရန် ကျင့်သားရပြီးဖြစ်နေနိုင်သော်လည်း ကလေးအများစုမှာမူ အိမ်နှင့်မတူသည့် ပတ်ဝန်းကျင်အသစ်တစ်ခုတွင် နေသားတကျဖြစ်အောင် အားထုတ်ကြိုးစားပြီး ညှိယူနေကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ သူငယ်တန်းစာသင်ခန်းများကို စီစဉ်ရာတွင် ပထမတန်းကဲ့သို့ ပုံစံတကျစာသင်ခန်းမျိုးမဟုတ်ဘဲ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ပြီး လုံခြုံနွေးထွေးမှုကို ခံစားရသည့် စာသင်ခန်းမျိုးဖြစ်အောင် စီစဉ်ပေးရန်လိုအပ်ပါသည်။

သူငယ်တန်းများအတွက်နေရာရွေးချယ်စီစဉ်ရာတွင် မူကြိုအတန်းများမှာကဲ့သို့ပင် သီးခြားအဆောက်အအုံဖြစ်ပါက ကောင်းပါသည်။ သို့ရာတွင် သီးခြားအဆောက်အအုံမဖြစ်သည့်တိုင် အဓိကအဆောက်အအုံတစ်ခုရှိကျယ်ပြန့်၍လုံခြုံစိတ်ချရသောအခန်းဖြစ်ပါကလည်းကောင်းစွာစီစဉ်နိုင်ပါသည်။ လေဝင်လေထွက်ကောင်းပြီး အလင်းရောင်ကောင်းစွာရရှိသည့် ထောင့်ခန်းမျိုးဖြစ်ပါက ပို၍သင့်လျော်ပါသည်။ ထိုအခန်းများနှင့်တွဲလျက် အိမ်သာနှင့် လက်ဆေးရန်နေရာများကို စီစဉ်သင့်ပါသည်။ ထိုသို့မဟုတ်ပါကလည်း သူငယ်တန်းစာသင်ခန်းသည် အိမ်သာ၊ လက်ဆေးရန် နေရာများနှင့် အနီးဆုံးတွင် ရှိသင့်ပါသည်။

ကလေးများအားလုံး အတူဆော့ကစားရန်၊ ပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် တတ်နိုင်သမျှ နေရာလွတ်များစီစဉ်ထားပါ။ စာသင်ခန်းအလယ်တွင် ဆရာနှင့်အတူ စုပေါင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နေရာလွတ်ရှိရပါမည်။

အိမ်သာအပါအဝင် ပရိဘောဂများ(စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ စာအုပ်စင်၊ ပစ္စည်းများထားရန်စင်) သည် အချိုးအစားညီမျှပြီး (၅)နှစ်အရွယ်ကလေးများနှင့်လျော်ညီသော အရွယ်အစား ဖြစ်သင့်ပါသည်။

စာဖတ်ရန်နေရာ၊ အတုလုပ်ကစားရန်နေရာနှင့် လက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်နေရာများအတွက် နေရာသီးသန့်ရှိရမည်။

သင်ပုန်းသည်ကလေးများအတွက် မနိမ့်လွန်း၊ မမြင့်လွန်းအနေအထားတွင် ရှိသင့်ပြီး ကလေးများ လွတ်လပ်စွာရေးခြစ်နိုင်ရန် သီးသန့်သင်ပုန်းတစ်ခု ထားသင့်သည်။ ကလေးလက်ရာများကို ကပ်၍သော်လည်းကောင်း၊ ချိတ်ဆွဲ၍သော်လည်းကောင်း ပြသထားရန်နေရာရှိရမည်။

ကလေးများ၏ လွယ်အိတ် ကျောပိုးအိတ်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထားသိုရန် နေရာများ သတ်မှတ်ထားရှိရမည်။

သူငယ်တန်းစာသင်ခန်းသည် ကလေးများအတွက် လုံခြုံစိတ်ချမှုရှိပြီး လှပသပ်ရပ်၍ သန့်ရှင်းမှုရှိနေရပါမည်။

သဲကစားရန် ရေကစားရန်နေရာများကိုလည်း ရံဖန်ရံခါ စီစဉ်ပေးရပါမည်။ စာသင်ခန်း ပြင်ပတွင် လွတ်လပ်စွာ လှုပ်ရှားကစားရန် နေရာအသင့်အတင့်ရှိရန်လိုအပ်သည်။

## အကြံပြုချက်။

သူငယ်တန်းကလေးများအတွက်သူငယ်တန်းစာသင်ခန်းသည်ပထမတန်းကဲ့သို့ပုံစံတကျစာသင်ခန်းမျိုးမဟုတ်ဘဲကလေးများလွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည့်သင်ယူရန် အနည်းဆုံး ၃ နေရာရှိပြီး ဘေးကင်းလုံခြုံ၍ ကလေးများအတွက် အကောင်းဆုံးသင်ယူမှုဝန်းကျင်ကောင်းကို ဖန်တီးပေးသည့် စာသင်ခန်းမျိုးဖြစ်အောင်စီစဉ်ပေးရမည်။

DREBOX

# သူငယ်တန်းစာသင်ခန်း၏ လူမှုဆက်ဆံရေးဝန်းကျင်

**စဉ်းစားပါ။**

- သူငယ်တန်းစာသင်ခန်း၏ လူမှုဆက်ဆံရေးပတ်ဝန်းကျင်သည် ဘယ်လိုဖြစ်ရမလဲ။
- သူငယ်တန်းဆရာသည် ကလေးတွေကို စိတ်ခံစားမှုဖွံ့ဖြိုးအောင်ဘာတွေလုပ်ပေးရမလဲ။

**ဖတ်ပါ။**

- သူငယ်တန်းစာသင်ခန်း၏ လူမှုဆက်ဆံရေးပတ်ဝန်းကျင်သည် ကလေးများအတွက် နွေးထွေးလုံခြုံမှု ရှိနေရမည်။ သို့မှသာ ကလေးများသည် မိမိကိုယ်မိမိယုံကြည်စိတ်ချစွာ သင်ယူလုပ်ကိုင်နိုင်မည် ဖြစ်သည်။
- ကလေးများသည် မိဘများ ဆရာ၊ဆရာမများနှင့် မိမိတို့ပတ်ဝန်းကျင်မှသူများကို အတုယူလုပ်ဆောင် လေ့ရှိသောကြောင့် ကလေးများနှင့်ပတ်သက်သူအားလုံး၏ ပြောဆိုပြုမူမှုများသည် ကလေးများ အတွက် စံနမူနာပြဖြစ်နေရမည်။
- ဆရာသည် ကလေးတစ်ဦးနှင့်တစ်ဦးရင်းနှီးစေရန်နှင့်အတူတကွ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက် တတ်ရန် အခွင့်အလမ်းများဖန်တီးပေးရမည်။ ကလေးအချင်းချင်း ပြဿနာများ ပဋိပက္ခများဖြစ်ပေါ် ပါက ကလေးများနှင့်အတူ ဖြေရှင်းမှုပြုလုပ်ပေးခြင်းသည်လည်း ကလေးများအတွက် စံနမူနာကောင်း များကို ရရှိစေနိုင်သည်။
- သင်ယူမှုတိုင်းတွင် ကလေးအားလုံးပါဝင်မှုရှိစေရန် ကလေးတစ်ဦးချင်းအပေါ် အာရုံစိုက်ရမည်။ အထူးလိုအပ်ချက်ရှိသော ကလေးများ၊ လူမှုဆက်ဆံရေးအားနည်းသည့် ကလေးများကို အထူး အာရုံစိုက်ပံ့ပိုးပေးရမည်။
- ကလေးများအား ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်ခံစားမှုဖွံ့ဖြိုးအောင် ပြုလုပ်ပေးရေးသည် သူငယ် တန်းဆရာများအတွက် အဓိကအလုပ်တစ်ခုဖြစ်သည်။ ထို့ကြောင့် သင်ရိုးညွှန်းတမ်း ပေါက်မြောက် ရေးကို ဦးတည်၍ သင်ယူမှုလုပ်ငန်းများကို အာရုံစိုက်လုပ်ကိုင်စေရာတွင် ကလေးများ၏ လူမှုဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်ခံစားမှုဖွံ့ဖြိုးမှုများကိုလည်း လေ့လာကြည့်ရှုပြီးပံ့ပိုးပေးရမည်။
- သူငယ်တန်းဆရာများသည် ကလေးများအား စည်းကမ်းပေးခြင်းနှင့် အပြစ်ပေးခြင်း၏ ခြားနားမှုကို ကွဲကွဲပြားပြားသိနားလည်ထားရမည်။ ကလေးများအတွက် စည်းကမ်းသည် အမှန်တကယ်လိုအပ်၍ ရိုးရှင်းရမည်။ ကလေးများ၏ အသက်အရွယ်အရလိုက်နာနိုင်သောစည်းကမ်းဖြစ်ရမည်။ ဘက်လိုက်မှု ကင်းပြီး တရားမျှတမှုရှိရမည်။ နေ့စဉ် ပုံမှန်လိုက်နာစေလိုသော စည်းကမ်းများကို ဆရာကသာ ဆုံးဖြတ်လိုက်နာစေခြင်းထက် ကလေးများနှင့်အတူ ဆွေးနွေး၍ သဘောတူ ဆုံးဖြတ်စေသင့်သည်။ အချို့စည်းကမ်း များသည် စာသင်ခန်းတွင် ပုံမှန်လုပ်ငန်းများ လုပ်ဆောင်သည့်အချိန်တွင်သာ လိုက်နာရန်မဟုတ်ဘဲ အိမ်တွင်လည်း လိုက်နာရန်လိုအပ်သည်။ (ဥပမာ- အမှိုက်ကို အမှိုက်ပုံးထဲ ထည့်ခြင်း၊ အစာမစားမီ လက်ဆေးခြင်း) ကလေးများအနေဖြင့် အိမ်တွင် တစ်မျိုး၊ ကျောင်းတွင် တစ်မျိုး ပြုမူဆောင်ရွက်ရပါက မည်သည်ကို ပုံမှန်လိုက်နာရမှန်း မသိဘဲ အလေ့အထကောင်းကို ရရှိရန်ခက်ခဲစေနိုင်သည်။
- ရိုက်နှက်ပြစ်ဒဏ်ပေးခြင်း၊ အရှက်ရအောင် ပြုမူပြောဆိုခြင်းများသည် ကလေး၏ မိမိကိုယ်ကိုမိမိ



DBE BOX

တန်ဖိုးထားမှုကို ဖျက်ဆီးရာရောက်သည်။ ထို့ကြောင့် မိဘ၊ ဆရာ အပါအဝင် ကလေးနှင့်ပတ်သက်ဆက်နွယ်နေသူအားလုံးအနေနှင့် ကလေးများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသော ပြစ်ဒဏ်ပေးခြင်း လုံးဝမပြုလုပ်သင့်ပါ။

- ကလေးများ ဘဝတစ်လျှောက်လုံးအတွက် အလေ့အထကောင်းများ စွဲစွဲမြဲမြဲဖြစ်စေရန် မိဘများ၏ ပူးပေါင်းပါဝင်မှုလည်းလိုအပ်သည်။ ကလေးများနှင့်ပတ်သက်၍ ကျောင်းလုပ်ငန်းများ၊ စာသင်ခန်းလုပ်ငန်းများ၊ ပုံမှန်လုပ်ငန်းများကို မိဘများအား အသိပေးခြင်း၊ ရှင်းပြခြင်းဖြင့် မိဘများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးရမည်။

## အကြံပြုချက်။

- သူငယ်တန်းစာသင်ခန်းတွင် ကလေးများ အကြောင်းအရာအမျိုးမျိုးကို နားလည်သဘောပေါက်စေရန် အကူအညီဖြစ်စေမည့် သင်ကြား/သင်ယူမှုပစ္စည်းများ စုစည်းထားရှိရပါမည်။
- ကလေးများစာရေး၊ စာဖတ်စွမ်းရည်ဖွံ့ဖြိုးစေရန် စာရေးစာဖတ်အစပျိုးသင်ယူခြင်းအတွက်အထောက်အကူဖြစ်စေမည့် ပစ္စည်းများ၊ လုပ်ငန်းများပြုလုပ်ပေးရပါမည်။
- ကလေးများဖန်တီးထားသည့် စွမ်းဆောင်ချက်များဖြင့် စာသင်ခန်းကို အလှဆင်ခြင်းဖြင့် ကလေးများသည် ၎င်းတို့၏စွမ်းဆောင်ချက်များအတွက် ဂုဏ်ယူဝင့်ကြွားစိတ်ရရှိစေနိုင်ပြီး နွေးထွေးမှုရရှိစေပါသည်။
- သူငယ်တန်းဆရာတစ်ဦးသည် ကလေးများကိုချစ်ခင်ကြင်နာတတ်ရုံသာမက ကလေးတစ်ဦးနှင့်တစ်ဦး မတူကွဲပြားသော အရည်အသွေးများကို လက်ခံသင့်ပြီး ၎င်းတို့ရရှိပြီး ဖြစ်သော ကျွမ်းကျင်မှုများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အခွင့်အလမ်းများဖန်တီး ပေးသင့်ပါသည်။

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

- လေ့လာဖတ်ရှုခဲ့သော သူငယ်တန်းစာသင်ခန်းနှင့် မိမိစဉ်းစားထားသော စာသင်ခန်း မည်သို့ကွာခြားပါသနည်း။
- မိမိသည် သူငယ်တန်းသင်နေသော ဆရာ၊ဆရာမဖြစ်ပါက မိမိ၏စာသင်ခန်းနှင့် နှိုင်းယှဉ်ပါ။ မည်သည်တို့ လိုအပ်နေပါသနည်း။ မည်သို့စီစဉ်မည်ကိုရေးပါ။

DBE BOX

## အပိုင်း ၄။ သင်ယူရန်နေရာများ

**စဉ်းစားပါ။**

- ➢ သင်ယူရန်နေရာဆိုသည်ကို ဘယ်လိုနားလည်ပါသလဲ။ ဘာကြောင့် သူငယ်တန်း စာသင်ခန်းမှာ သင်ယူရန်နေရာတွေထားပေးရတာလဲ။
- ➢ သင်ယူရန် နေရာတွေထားပေးခြင်းဖြင့် ဘာအကျိုးကျေးဇူးတွေ ရနိုင်မလဲ။

**ဖတ်ပါ။**

– သင်ယူရန်နေရာဆိုသည်မှာ စာသင်ခန်းတွင်းဖြစ်စေ၊ စာသင်ခန်းပြင်ပတွင်ဖြစ်စေ ကလေးများ ကစားရန်နှင့် သင်ယူရန်အရင်းအမြစ်အမျိုးမျိုးရရှိနိုင်သော နေရာဖြစ်သည်။ ကလေးများသည် ကစားခြင်းဖြင့် ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသော နေရာများကို ဂရုစိုက်လေ့လာခြင်း၊ လူအများနှင့် ဆက်သွယ်ခြင်း၊ အရာဝတ္ထုများကို ကိုင်တွယ်ကြည့်ရန်၊ ကြည့်ရှုလေ့လာရန်၊ ကြိုတင်မှန်းဆရန်၊ အခြားဖြစ်နိုင်သည်တို့ကို စူးစမ်းရှာဖွေရန်စသည့် သင် ယူမှုအခွင့်အလမ်းများကို မိမိစွမ်းအား ရှိသလောက် အပြည့်အဝဖွံ့ဖြိုးစေရန်အတွက် သင်ယူရန်နေရာအမျိုးမျိုးကို ပြင်ဆင်ထားရှိပေးရန် လိုပါသည်။

– သင်ယူရန် နေရာအမျိုးမျိုးရှိပါသည်။ ၎င်းတို့မှာ–

(၁) အတုလုပ်ကစားရန်နေရာ
(၂) တည်ဆောက်ကစားရန်နေရာ
(၃) လက်မှုအနုပညာပြုလုပ်ရန်နေရာ
(၄) ဉာဏ်ရည်ဖွံ့ဖြိုးရန်နေရာ
(၅) စာဖတ်ရန်နေရာ
(၆) တီးမှုတ်ကစားရန်နေရာ
(၇) သဲကစားရန်နေရာ
(၈) ရေကစားရန်နေရာ
(၉) စာသင်ခန်းပြင်ပလှုပ်ရှားကစားရန်နေရာ

– ထိုသင်ယူရန်နေရာများမှ အချို့(သဲကစားရန်၊ ရေကစားရန်၊ စာသင်ခန်းပြင်ပလှုပ်ရှား ကစားရန် နေရာ) တို့သည် ၎င်းတို့၏သဘောသဘာဝအရ စာသင်ခန်းပြင်ပတွင် ထားရှိရမည်ဖြစ်ပြီး ကျန် သင်ယူရန်နေရာများမှာ စာသင်ခန်းတွင်း၌ထားရှိနိုင်သည်။

သို့သော် သူငယ်တန်းတွင်မူ စာသင်ခန်းများ၏ အရွယ်အစားအကျယ်အဝန်းအရ သင်ယူမှုနှင့် ဖွံ့ဖြိုးမှု ဆိုင်ရာ လက္ခဏာများအတွက် စာသင်ခန်းတွင်း၌ဖြစ်စေ ပြင်ပနေရာ၌ဖြစ်စေ နေ့တစ်နေ့၏အချိန် ပိုင်းတွင် ကလေးများလွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန် အောက်ပါသင်ယူရန်နေရာ (၃)ခု ကို မရှိမဖြစ်ထားပေးရပါမည်–

### (၁) တီထွင်ဖန်တီးရန်နေရာ

ကလေးများကို ပစ္စည်းအမျိုးမျိုးအသုံးပြုပြီး နည်းလမ်းအမျိုးမျိုးဖြင့် တီထွင်ဖန်တီး လုပ်ကိုင် နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးရပါမည်။ ကလေးများနှစ်သက်ရာ ပုံဆွဲခြင်း၊ စိတ်ကူးဖြင့်

DBE BOX

တီထွင်ဖန်တီးခြင်း၊ တွေးတောမှန်းဆခြင်း၊ ပန်းချီအရောင် ခြယ်ခြင်း၊ စက္ကူခေါက်ခြင်းအစရှိသော လုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် တီထွင်ဖန်တီးကစားရန်နေရာကို ထားပေးခြင်းဖြစ်သည်။

**ထားရှိပေးနိုင်သောပစ္စည်း**

- ကလေးသုံးကတ်ကြေး၊ ရောင်စုံစက္ကူ၊ ခဲတံ၊ စာရွက်ကြီးများ၊ စုတ်တံ၊ ပေတံ၊ ရွှံ့များ၊ ဂျုံများ၊ အလွယ်တကူရရှိသောသစ်ရွက်၊ သစ်စေ့၊ ပန်းပွင့်၊ ကျောက်ခဲ၊ ရောင်စုံကြိုး

**ရရှိနိုင်သောအကျိုးကျေးဇူးများ**

- ကလေးများ မိမိကိုယ်ကိုတန်ဖိုးထားမှုနှင့် ယုံကြည်မှုများ တည်ဆောက်ပေးနိုင်သည်။ ထို့ပြင် အနုပညာဖန်တီးမှုလုပ်ငန်းများ လုပ်ကိုင်ရင်းဖြင့် ကလေးများ၏ မကျေနပ်မှု၊ ဒေါသ၊ ဝမ်းနည်းမှုနှင့် စိတ်ဖိစီးမှုကို ပြေဖျောက်နိုင်ပါသည်။
- ကလေးများ၏ စိတ်ကူးကိုထုတ်ဖော်ခွင့်ရရှိပြီး အရာဝတ္ထုများ၏ သဘာဝကိုပါ သိရှိလာစေနိုင်ပါသည်။
- ပုံသဏ္ဌာန်အမျိုးမျိုးကိုသိခြင်း၊ နေရာအကျယ်ကိုခန့်မှန်းခြင်း၊ စဉ်းစားစိတ်ကူးခြင်းနှင့် အရောင်အဆင်းပုံစံနှင့် ဒီဇိုင်းအမျိုးမျိုးစမ်းသပ်လုပ်ကိုင်ခြင်းများကို အထောက်အကူပြုစေပါသည်။

**(၂) စာဖတ်ရန်နေရာ**

သူငယ်တန်းကလေးများသည် စာကိုမဖတ်တတ်သေးသော်လည်း နောင်တွင် စာကောင်းကောင်းဖတ်တတ်သောသူ တစ်ယောက်ဖြစ်ရန် ကလေးများကိုစာအုပ်များနှင့် ပုံနှိပ်စာများ၏ သဘောသဘာဝကို ကောင်းစွာသိရှိနားလည်၍ စာအုပ်များနှင့် ရင်းနှီးစေရန် စာဖတ်ချင်သော ဆန္ဒဖြစ်ပေါ်လာစေရန် အားပေးတိုက်တွန်းရမည်ဖြစ်သည်။ ထို့ကြောင့် ကလေးများ စိတ်ကူးဖြင့် စာဖတ်ခြင်း၊ ဘာသာစကားကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ခြင်း၊ ရုပ်ပုံများကိုကြည့်ပြီး စာဖတ်ခြင်း၊ ခန့်မှန်းခြင်း မိမိစိတ်ထဲ၌ရှိသည်များကို ထုတ်ဖော်ပြောနိုင်ခြင်းနှင့် စာရေးစာဖတ် အစပျိုးသင်ယူနိုင်စေရန် စာဖတ်ရန်နေရာ ထားပေးခြင်းဖြစ်သည်။

**ထားရှိပေးနိုင်သောပစ္စည်း**

- ပုံပြင်စာအုပ်များ၊ ရုပ်ပုံစာအုပ်များ၊ ပိုစတာများ၊ ရုပ်ပုံကားချပ်များ
- ကစားခြင်းနှင့်ဆက်သွယ်သည့် စာရေးရန်ပစ္စည်းများ(ခဲတံ၊ စုတ်တံ၊ ဆေး၊ စာရွက်များ)

**ရရှိနိုင်သောအကျိုးကျေးဇူးများ**

- ကလေးများ၏ ဘာသာစကားနှင့် စာရေးစာဖတ်ကျွမ်းကျင်မှုများ တိုးတက်လာပြီး အခြေခံအသိပညာများရရှိသွားမည်။
- စာအုပ်များပုံနှိပ်စာများနှင့် ငယ်စဉ်ကတည်းက ရင်းနှီးမှုရရှိပြီး မိမိတို့ကိုယ်တိုင် ကြိုးစားဖတ်ရှုလာစေနိုင်သည်။
- ထိုသို့လုပ်ဆောင်ရင်းဖြင့် ကလေးများတွင်
  - ပုံပြင်များကို နားထောင်လိုသောဆန္ဒရှိမှု
  - စကားလုံးများ၊ စာလုံးများအကြောင်း သိလိုစိတ်၊ စူးစမ်းလိုစိတ်ရှိမှု

စသည့်အဖိုးတန်စိတ်နေသဘောထားများ ဖွံ့ဖြိုးလာပြီး နောင်အတန်းကြီးလာသည့်အခါ စာရေးစာဖတ် အမှန်တကယ်တတ်မြောက်ရေးအတွက် အထောက်အကူများစွာ ဖြစ်စေပါသည်။



DBE BOX

## (၃) အတုလုပ်တမ်းကစားရန်နေရာ

အတုလုပ်တမ်းကစားခြင်း(ဟန်ဆောင်ကစားခြင်း) သည် တီထွင်ဖန်တီးစိတ်ကူးမှု လုပ်ငန်းများထဲတွင် ပါဝင်ပါသည်။ လူကြီးများနေ့စဉ်လုပ်ဆောင်လေ့ရှိသည့် လုပ်မှုကိစ္စများကို အတုယူကာ ဟန်ဆောင်ကစားခြင်း(အတုလုပ်တမ်းကစားခြင်း) သည် ကလေးများ၏ တီထွင်ဖန်တီးမှုနှင့် စိတ်ကူးဉာဏ်ကွန့်မြူးမှုကို အားပေးသော ကစားနည်းဖြစ်သည်။ ဤသို့ကစားရင်းဖြင့် မိမိတို့ပတ်ဝန်းကျင် ကမ္ဘာလောကအကြောင်းကို သိရှိနားလည်လာနိုင်ပါသည်။

ကလေးများသည် မိမိစိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်ကစားခြင်း (ဈေးရောင်းတမ်း၊ ထမင်းချက်တမ်း၊ ဆရာမလုပ်တမ်း ....) ဖြင့် လက်တွေ့ဘဝ အတွေ့အကြုံနှင့်ပတ်သက်သော ကျွမ်းကျင်မှုများရရှိစေရန် အတုလုပ်တမ်းကစားရန် နေရာကိုထားပေးခြင်းဖြစ်သည်။

**ထားရှိပေးနိုင်သောပစ္စည်း**

- ကစားရန်အိုးခွက်ပန်းကန်များ၊ ကလေးအရုပ်များ၊ တိရစ္ဆာန်အရုပ်များ၊ ဘီး၊ မှန်များ၊ တယ်လီဖုန်း၊ နာရီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ စသည် ...

**ရရှိနိုင်သောအကျိုးကျေးဇူးများ**

- ကလေးများသည် သရုပ်ဆောင်ကစားရင်းဖြင့် တီထွင်ဖန်တီးဆန်းသစ်နိုင်စွမ်းများ တိုးတက်လာစေသည်။ မှတ်ဉာဏ်တိုးတက်ကောင်းမွန်နိုင်သည်။
- ကစားခြင်းတွင်ပါဝင်သည့် တစ်ဦးချင်းစီ၏ အခန်းကဏ္ဍများကို အလှည့်ကျ သရုပ်ဆောင်ကစားရသဖြင့် ညွှန်ကြားချက်ပေးခြင်း၊ မေးမြန်းခြင်း၊ ရှင်းပြခြင်း သရုပ်ဖော် ပြောခြင်းစသည့် ဘာသာစကားစွမ်းရည်များ တိုးတက်လာစေသည်။
- အခြားသူများနှင့် အပြန်အလှန်ဆက်ဆံရေးတိုးတက်ကောင်းမွန်စေသည်။
- မိမိတို့ကိုင်တွယ်အသုံးပြုရသည့် အသုံးအဆောင်ပစ္စည်းများ၏ အမည်များကို သိရှိလာ၍ ဝေါဟာရကြွယ်ဝစေသည်။

## အကြံပြုချက်။

- သင်ယူရန်နေရာများကို စာသင်ခန်းတွင်းစီစဉ်နေရာချထားရာတွင် စာဖတ်ရန်နေရာသည် အတန်း၏ အလင်းရောင်ကောင်းစွာရရှိသောနေရာတွင် ထားရှိသင့်ပါသည်။
- တီထွင်ဖန်တီးကစားရန်နေရာသည် ကလေးများဆူညံစွာ ကစားသောနေရာဖြစ်၍ စာဖတ်ရန်နေရာနှင့် နီးကပ်စွာမထားဘဲ ဝေးဝေးတွင် ထားရှိသင့်ပါသည်။
- အတုလုပ်တမ်းကစားရန်နေရာတွင် ထားရှိသောပစ္စည်းများသည် သန့်ရှင်း၍ကလေးများအတွက် အန္တရာယ်မရှိစေသော ပစ္စည်းဖြစ်သင့်ပါသည်။

## အပိုင်း ၅။ အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း

ပညာရေးဝန်ကြီးဌာနသည် သူငယ်တန်း(KG) သင်ရိုးသစ် စတင်အကောင်အထည်ဖော်ရာတွင် သူငယ်တန်းကလေးများအတွက်–

- သင်ကြား၊သင်ယူမှုပစ္စည်းများကို ကိုင်တွယ်အသုံးပြုတတ်သည့်ကျွမ်းကျင်မှုရှိလာစေရန်၊
- စကားလုံး ဝေါဟာရများ တိုးပွားလာစေရန်၊
- မိမိတို့အသုံးပြုသောပစ္စည်းများကို အကြောင်းအရာအလိုက် ခွဲခြားခြင်း၊ နှိုင်းယှဉ်ခြင်း၊ စုစည်းခြင်း ပြုလုပ်တတ်စေရန်နှင့် ကြောင်းကျိုးဆက်စပ် သိမြင်တတ်စေရန်၊
- ကိုယ်ပိုင်စိတ်ကူးနှင့် တီထွင်ပြုလုပ်ခြင်းဖြင့် မိမိကိုယ်တိုင် လုပ်ဆောင်တတ်မှု အလေ့အကျင့်ကောင်းများ ရရှိစေရန်

ရည်ရွယ်၍ အောက်ပါ သင်ကြား၊သင်ယူမှုအထောက်အကူပစ္စည်းများကို သူငယ်တန်းကို လက်ခံသင်ကြားနေသော ကျောင်းအားလုံးသို့ ပံ့ပိုးပေးခဲ့ပါသည်–

- KG-Kit
- မြန်မာဗျည်းအက္ခရာကားချပ်
- မြန်မာဗျည်းအက္ခရာ (၁၅)လုံးကတ်ပြား
- အင်္ဂလိပ်ဗျည်းအက္ခရာကားချပ်
- မြန်မာဗျည်းအက္ခရာကတ်ပြား
- မြန်မာကိန်း ၁ မှ ၂၀ ကတ်ပြား
- အင်္ဂလိပ်ကိန်း ၁ အသ ၁၀ ကတ်ပြား
- စကားပြော ပိုစတာ(Speech Poster) (၃)မျိုး

### သူငယ်တန်း အထောက်အကူပြုသေတ္တာငယ်(KG-Kit)

**ပါဝင်သောပစ္စည်းများ**

(၁) သစ်သားဘလောက်တုံး
(၂) ရောင်စုံသစ်သားပုတီးစေ့(ကြိုးသီ)
(၃) အိမ်သုံးကတ်ကြေး
(၄) ပလတ်စတစ်ချိတ်ဆက်
(၅) IQ Puzzle(ရာဘာ)
(၆) ရောင်စုံ A4 စက္ကူ
(၇) ရောင်စုံဖယောင်းတောင့်
(၈) Water Colour + စုတ်တံ
(၉) ရာဘာအံသွင်း
(၁၀) စက္ကူခေါက်နည်းစာအုပ်

DBE BOX

## ပါဝင်သောပစ္စည်းများနှင့် သင်ခန်းစာချိတ်ဆက်ပုံ

| စဉ် | ကစားစရာ | သင်ယူဖွံ့ဖြိုးမှုနယ်ပယ် | အသုံးပြုနိုင်သော သင်ခန်းစာခေါင်းစဉ်များ |
|---|---|---|---|
| ၁ | သစ်သားဘလောက်တုံး | – အပြန်အလှန်ဆက်သွယ်ပြောဆိုခြင်း<br>– သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း<br>– အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်း<br>– စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း | တို့ကျောင်း<br>အိမ်များ<br>မိမိအကြောင်း<br>မိသားစု<br>နို့တိုက်သတ္တဝါ |
| ၂ | ရောင်စုံသစ်သားပုတီးစေ့ (ကြိုးသီ) | – အပြန်အလှန်ဆက်သွယ်ပြောဆိုခြင်း<br>– သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း<br>– အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်း | ရာသီဥတု<br>မိမိအကြောင်း<br>မိသားစု |
| ၃ | ပလတ်စတစ်ချိတ်ဆက် | သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း | မိမိအကြောင်း |
| ၄ | IQ Puzzle(ရာဘာ) | အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်း | ငါး<br>ငှက်<br>အိမ် |
| ၅ | လက်ထိုးရုပ်များ | အပြန်အလှန်ဆက်သွယ်ပြောဆိုခြင်း | ဘာသာစကားဖွံ့ဖြိုးရန် ပုံပြင်ပြောခြင်း<br>သင်ခန်းစာ(၁၅)ခုလုံး အသုံးပြုနိုင်သည်။ |
| ၆ | ရာဘာအံသွင်းပစ္စည်းများ | သင်္ချာအခြေခံများကို စူးစမ်းလေ့လာ ခြင်း | တို့ရုပ်ရွာ<br>အပင်များ |
| ၇ | လက်မှုလုပ်ငန်းပြုလုပ်ရန် ပစ္စည်းများ<br>–ရောင်စုံဖယောင်းတောင့်<br>–Water Colour+စုတ်တံ<br>–အိမ်သုံးကတ်ကြေး | အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်း | – စက္ကူခေါက်ခြင်း<br>– ပုံဆွဲခြင်း<br>– ဆေးခြယ်ခြင်း<br>– ဖြတ်၊ညှပ်၊ကပ် လုပ်ငန်းများ<br>သင်ခန်းစာ(၁၅)ခုလုံး အသုံးပြုနိုင်သည်။ |

### အသုံးပြုပုံနှင့် ရရှိသော အကျိုးကျေးဇူးများ

စာသင်ခန်းအတွင်းနှင့် ကလေးများအတွက် အန္တရာယ်မရှိနိုင်သော နေရာလွတ်များတွင် ကစားနိုင်ပါသည်။ အများဆုံး ကလေး (၃၅)ဦး ကစားနိုင်ပါသည်။ ကစားစရာတစ်မျိုးစီ အတွက် အုပ်စုငယ်များခွဲ၍ ကစားနိုင်ပါသည်။ ထို့နောက် အုပ်စုချင်းလဲ၍ ကစားနိုင်ပါသည်။

DBE Box

(၁) **သစ်သားဘလောက်တုံး (တည်ဆောက်ကစားရန်)**

- စိတ်ကူးဉာဏ်ရင့်သန်ခြင်းနှင့် လက်တွေ့တီထွင်တတ်သည့် ကျွမ်းကျင်မှုများ ရရှိစေခြင်း
- ဝတ္ထုပစ္စည်းများ၏ အခြင်းအရာနှင့် အသုံးဝင်ပုံကို ခွဲခြားသိမြင်တတ်ခြင်းနှင့် သင်္ချာ၏ အခြေခံသဘောကို နားလည်နိုင်စေခြင်း
- တည်ဆောက်ပြီးသော ပုံစံများကို ခေါ်ဝေါ်တတ်ခြင်းဖြင့် စကားလုံး ဝေါဟာရများ တိုးပွားစေခြင်း
- ကြောင်းကျိုးဆက်စပ်စဉ်းစားပြုလုပ်တတ်ခြင်း
- အချင်းချင်းရိုင်းပင်းကူညီမှုရရှိစေခြင်းစသည့် အကျိုးကျေးဇူးများအပြင် ပျော်ရွှင်ကြည်နူးမှုကို ခံစားနိုင်မည်ဖြစ်ပါသည်။

(၂) **ရောင်စုံသစ်သားပုတီးစေ့(ကြိုးသီ)**

- ပုတီးစေ့များကို ကြိုးသီခြင်းဖြင့် မျက်စိနှင့်လက် တစ်တန်းတည်းကျစေသည်။
- အရောင်များကို ခွဲခြားသိရှိသည်။
- လက်ချောင်းကြွက်သားများ သန်မာစေသည်။
- သူငယ်တန်း(KG)၏ သင်္ချာဆိုင်ရာ အဆင်ပုံစံများ(Pattern)များကို သိရှိစေသည်။
- သင်္ချာဆိုင်ရာပုံသဏ္ဌာန်များကို မှတ်မိသိရှိစေသည်။
- တူရာစုစည်းခြင်း၊ အုပ်စုခွဲခြင်းများ ပြုလုပ်နိုင်သည်။

(၃) **ပလတ်စတစ်ချိတ်ဆက်**

- ပလတ်စတစ်ချိတ်ဆက်တွင်ပါဝင်သောပစ္စည်းများ၏ အရောင်များကို သိရှိစေသည်။
- တူရာစုစည်းခြင်း၊ အုပ်စုခွဲခြင်းများ ပြုလုပ်နိုင်သည်။
- ကလေး၏ တီထွင်လုပ်ကိုင်လိုစိတ်ကိုဖြစ်စေသည်။

(၄) **IQ Puzzle(ရာဘာ)**

- ငှက်ပုံများ၊ ငါးပုံ၊ မြင်းပုံ၊ ရေရွှေးကရားပုံ ..... စသည်ဖြင့် ပုံစံ (၂၅)မျိုး ပြုလုပ်နိုင်သည်။
- ကလေး၏ တီထွင်လုပ်ကိုင်လိုစိတ်ကိုဖြစ်စေသည်။

(၅) **ပလတ်စတစ်ချိတ်ဆက်**

- ရေးခြစ်ခြင်းဖြင့် စာရေးခြင်းအတွက် အခြေခံများကို ရရှိစေသည်။
- ကတ်ကြေးကိုအသုံးပြု၍ ဖြတ်၊ ညှပ်၊ ကပ် လုပ်ငန်းများ ပြုလုပ်နိုင်သည်။
- သေသပ်စွာ အရောင်ခြယ်နိုင်သည်။
- စိတ်ကူးဉာဏ် ရင့်သန်စေသည်။
- တီထွင်လုပ်ကိုင်လိုစိတ်ကို ဖြစ်ပေါ်စေသည်။
- အာရုံစူးစိုက်မှုနှင့် မိမိ၏အတွေ့အကြုံများ၊ ခံစားချက်များကို ပုံဆွဲ၍ ဖော်ထုတ်နိုင်သော စွမ်းရည်များ ရရှိစေပါသည်။

DBE BOX

**စကားပြောပိုစတာအသုံးပြုခြင်း**

ပညာရေးဝန်ကြီးဌာနသည် သူငယ်တန်းကလေးများအတွက် သင်ခန်းစာခေါင်းစဉ်နှင့် ဆက်စပ်၍ ကလေး၏ စဉ်းစားဉာဏ်နှင့် ဝေဖန်ဆန်းစစ်နိုင်မှုကိုအားပေးပြီး ၎င်းတို့၏ စိတ်ကူးများကို ဖော်ထုတ်ပြောဆိုနိုင်သော အောက်ပါစကားပြောပိုစတာ (၃)မျိုးကို ပံ့ပိုးပေးခဲ့ပါသည်–

(၁) ဈေးမြင်ကွင်းရောင်စုံကားချပ်

(၂) ရေအကြောင်း ရောင်စုံကားချပ်

(၃) တိရစ္ဆာန်ရုံမြင်ကွင်း ရောင်စုံကားချပ်

**ပိုစတာအသုံးပြုပုံ**

ပိုစတာများအသုံးပြုရာတွင် အချို့ပိုစတာများသည် တစ်နှစ်ပတ်လုံးကပ်ထားရန် လိုအပ်ပြီး (ဥပမာ– လက်ဆေးခြင်းအဆင့်များ၊ အစာအုပ်စု ၃ စု)၊ အချို့မှာ သင်ကြားချိန်မှသာပြ၍ အသုံးပြုရန်ဖြစ်၍ သင်ပြီးပါကပြန်လည်သိမ်းထားရန်ဖြစ်ပါသည်(ဥပမာ–တိရစ္ဆာန်ရုံမြင်ကွင်း၊ရေအကြောင်း၊ဈေးမြင်ကွင်း)။ ဆိုလိုသည်မှာ တစ်နှစ်ပတ်လုံးကပ်ထားပါက ကလေးများ မြင်ပါများ၍ မိမိသင်ကြားချိန်တွင် ကျေနပ်စရာကောင်းသော အဖြေများမရရှိခြင်း၊ ကလေးများ စိတ်ဝင်စားမှု လျော့ခြင်းနှင့် ၎င်းတို့၏ စိတ်ကူးများကို ဖော်ထုတ်နိုင်ခြင်းမရှိ ဖြစ်စေပါသည်။ ပိုစတာများကို နံရံတွင်ကပ်ထားခြင်းထက် ပိုစတာပါ ရုပ်ပုံများကို ပြသ၍ ကလေးများ၏ စဉ်းစားဉာဏ်နှင့် ဝေဖန်ဆန်းစစ်နိုင်မှုကို အားပေးသော အဖွင့်မေးခွန်းများမေး၍ အသုံးပြုခြင်း၊ ပြတင်းပေါက်ကွက်များဖြင့်အသုံးပြုခြင်း၊ စဉ်းစားကွက်၊ စကားပြောကွက်များ သုံးခြင်းဖြင့် ကလေးများ၏ စိတ်ကူးများဖော်ထုတ်ရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြုရပါမည်။

(၁) **ပြတင်းပေါက်ကွက်များဖြင့်အသုံးပြုခြင်း**

ပိုစတာတစ်ခုလုံးကိုစက္ကူဖြူကြီးတစ်ခုဖြင့် လုံအောင်ပိတ်ပါ။ ထို့နောက် ကလေးများ စိတ်ဝင်စားစေရန်ပိုစတာပါရုပ်ပုံများ၏ တစ်စိတ်တစ်ပိုင်းနေရာများတွင်ပြတင်းပေါက်ကွက်ပုံစံ အပေါက်သေးများညှပ်ထားပါ။ ပြတင်းပေါက် ရွက်တစ်ခုကို ဖွင့်ပြ၍ **'ဘာပုံရှိမယ် ထင်သလဲ'**၊ **'ဘာပုံဖြစ်မယ် ထင်သလဲ'** စသည်ဖြင့် ခန့်မှန်းစေပါ။ ထိုအခါ ကလေးများသည် ပြတင်းပေါက်သေးမှ မြင်ရသောရုပ်ပုံကို သေချာစွာစူးစမ်းရခြင်း၊ မည်သည့်အရာဖြစ်မည်ကို ခန့်မှန်းရခြင်း၊ စဉ်းစားရခြင်းနှင့် ၎င်းတို့၏ ထင်မြင်ချက်များကို ပြောဆိုရခြင်းစသည့် လုပ်ငန်းများကို လုပ်ကြရပါမည်။ တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက် သော်လည်းကောင်း မေးနိုင်ရန် ၎င်းတို့၏ အဖြေများကို မှတ်သားထားစေပါ။ ထို့နောက် ဆရာမှ ၎င်းပြတင်းပေါက်သေး ၂ ခု (သို့) ၃ ခုကိုဆက်၍ ပြတင်းပေါက်အကြီးဖောက်ပါ။ မိမိဖောက်သောပြတင်းပေါက်သည် မြင်ကွင်းတစ်ခုကို ပေါ်လွင်ပါစေ။ ပြတင်းပေါက်အသေးမှ ကလေးများမြင်ရစဉ်က ၎င်းတို့ ခန့်မှန်း ဖြေဆိုထားသော အဖြေများနှင့် ယခုတွေ့ရသော မြင်ကွင်းကိုကြည့်၍ အဖြေမှန်ကို ၎င်းတို့ဘာသာ ရှာဖွေပါစေ။ မည်သူ့ခန့်မှန်းချက် မှန်သည်။ မည်သူ့ ခန့်မှန်းချက် မှားသည် စသည်ဖြင့် ကလေးများ၏ စိတ်ပါဝင်စားမှုကို လှုံ့ဆော်ပေးနိုင်ပါသည်။

ပြတင်းပေါက်မှ မြင်ရသည့် တစ်ကွက်စာမြင်ကွင်းကိုကြည့်၍ အောက်ပါ မေးခွန်းများကဲ့သို့ မေးနိုင်ပါသည်။ **'ဘာလုပ်နေတယ်ထင်သလဲ'** **'ဘယ်နေရာမှာလဲ'** **'တစ်ခြားဘာရှိမယ် ထင်သေးလဲ'** ထိုအဆင့်ကိုလည်းပြတင်းပေါက်သေးတွင် ပြုလုပ်ခဲ့သောလုပ်ငန်းစဉ်အတိုင်း ပြုလုပ်ပါ။

တတိယဆင့်အနေဖြင့် ပိုစတာကိုပိတ်ထားသောစက္ကူတစ်ခုလုံးကိုခွာချ၍ ပိုစတာတစ်ခုလုံးကိုပြပါ။ မြင်ကွင်းတစ်ခုလုံးကို မြင်ရသောအခါ ၎င်းတို့ခန့်မှန်းခဲ့သော အဖြေများထဲမှ မည်သို့မျှနီးစပ်သည်။ မှန်သည်ကို ၎င်းတို့ကိုယ်တိုင် ရှာဖွေပါစေ။

ပြတင်းပေါက်များပြ၍ လှုံ့ဆော်ခြင်းပြုလုပ်ခြင်းဖြင့် ကလေးများသည် ပြတင်းပေါက်များမှတစ်ဆင့် မြင်ရသည်များကိုကြည့်၍ ဘာဖြစ်မည်ကို ခန့်မှန်းရခြင်း၊ စဉ်းစားရခြင်း၊ ထို့ပြင် ဖြေဆိုရခြင်းများ ပြုလုပ်ရသဖြင့် ကလေး၏ စဉ်းစားဉာဏ်ကို ရင့်သန်စေပြီး ပြောဆိုဆက်သွယ်မှုစွမ်းရည်များ ရရှိစေသည်။

ပြတင်းပေါက်များကို ငယ်ရာမှ ကြီးရာသို့ အသုံးပြုသင့်ပါသည်။ သို့မှသာ ကလေးများ၏ မြင်ကွင်း(space) ကို တစ်ဖြေးဖြေးကျယ်လာစေပြီး မြင်ကွင်းကျယ်လာသည်နှင့်အမျှ စဉ်းစားရသည်မှာ ပို၍လွယ်ကူစေကြောင်း သိရှိစေပါမည်။

### (၂) အဖွင့်မေးခွန်းများမေး၍အသုံးပြုခြင်း

ပိုစတာများကိုပြ၍ **'ဒီပုံထဲမှာ ဘာတွေတွေ့ရသလဲ'**၊ **'သူတို့ ဘာတွေ လုပ်နေတာလို့ထင်သလဲ'**၊ **'ဘယ်နေရာလဲ'** စသည်ဖြင့် ပိုစတာပါ ရုပ်ပုံများနှင့် လိုက်လျောညီထွေဖြစ်မည့်မေးခွန်းများကို ဆရာ၊ဆရာမ၏ စိတ်ကူးဉာဏ်ရှိသ၍ မေးနိုင်ပါသည်။ ကလေးများ လွတ်လွတ်လပ်လပ် ပြောလာစေရန် အဖွင့်မေးခွန်းများမေးပါ။

စကားပြောနည်းသောကလေးများအား ပို၍ဦးစားပေးသင့်ပါသည်။ တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ မေးခွန်းများမေးနိုင်ပါသည်။ ပိုစတာတွင် ပါရှိသော ကလေးများရပ်ရွာတွင် မရှိသည့်၊ မမြင်ဘူးသည့်ပုံများကိုလည်း ပြနိုင်ပါသည်။ ထိုအရာကို ကလေးများနှင့်မိတ်ဆက်၍ ထိုအရာနှင့်ပတ်သက်၍ ဆရာမှရှင်းပြပါ။

ပိုစတာများမှတစ်ဆင့် ကလေးများသည် မိမိတို့နှင့်မရင်းနှီးသော မိမိတို့ ရပ်ရွာဝန်းကျင်တွင်မရှိသော၊ ၎င်းတို့မမြင်ဘူးသောအရာများကိုလည်း သိရှိခွင့်၊ မြင်ဘူးခွင့်ရရှိသွားမည်ဖြစ်ပါသည်။ (ဥပမာ– တောင်ပေါ်ဒေသများတွင်ရှိသော ကလေးများအတွက် လှေများ၊ သင်္ဘောများ၊ မီးရထားများ၊ လေယာဉ်ပုံများ၊ ဒုံပုံများ စသည်...)

### (၃) စဉ်းစားကွက်၊ စကားပြောကွက်များဖြင့် အသုံးပြုခြင်း

ဆရာ၊ဆရာမများသည် ရုပ်ပြစာအုပ်များ၊ ကာတွန်းစာအုပ်များတွင် ပါဝင်သည့် ဇာတ်ဆောင်များ စကားပြောဆိုရာတွင်  သင်္ကေတကိုလည်းကောင်း၊ စဉ်းစားရာတွင်  သင်္ကေတကိုလည်းကောင်း အသုံးပြုကြသည်ကို တွေ့ဖူးကြမည်ဖြစ်ပါသည်။

ပိုစတာများတွင်လည်း ကလေးများစိတ်ဝင်တစားရှိသော လူ (သို့) တိရစ္ဆာန်ပုံများတွင် စကားပြောကွက်၊ စဉ်းစားကွက်များကပ်ကာ **'သူဘာတွေ ပြောနေတာလဲ'** **'သူဘာတွေစဉ်းစားနေသလဲ'** စသော မေးခွန်းများဖြင့် ကလေးများ စိတ်ဝင်စားလာအောင် လှုံ့ဆော်ပေးနိုင်ပါသည်။

စဉ်းစားကွက်ပုံစံ၊ စကားပြောကွက်ပုံစံများကို ဆရာက စက္ကူဖြူသုံး၍ သီးခြားညှပ်ထားပြီး ပုံတွင်ကပ်ကာ မေးနိုင်ပါသည်။ ကလေးပြောသော စကားကို အကွက်တွင်ရေးနိုင်ပါကရေးပါ။ ဆရာ၏ စိတ်ကူးဖြင့် ကြံဖန်ရေးထားပါနှင့်။



DBEBOX

စကားပြောများ၊ စဉ်းစားပုံများသည် မိမိအသုံးပြုသော ပိုစတာနှင့်ကိုက်ညီသော စကားပြောများ(dialog) ဖြစ်ရပါမည်။

ဥပမာ– ဈေးပိုစတာကို အသုံးပြုပါက ဈေးရောင်းသူနှင့် ဈေးဝယ်သူ ၂ ဦးနေရာတွင် စကားပြောကွက်များကပ်၍ ကလေး ၂ ဦး (သို့) ၁ ဦးတည်းကို ဈေးသည်နှင့် ဈေးဝယ် ပြောဆိုသည့် စကားပြောများအတိုင်း ပြောစေနိုင်ပါသည်။ ဈေးအလယ်တွင် ယောင်လည်လည်ရှိနေသူ၊ ဈေးဝယ်သူ မရှိသော ဈေးသည်တို့ပုံများတွင် စဉ်းစားကွက်များကပ်၍ **'သူတို့ ဘာတွေလုပ်နေမယ်ထင်သလဲ' 'သူတို့ဘာတွေစဉ်းစားနေမယ်ထင်သလဲ'** စသည်ဖြင့် မေးနိုင်ပါသည်။

ဆရာ၊ဆရာမများသည် စကားပြောပိုစတာများအဖြစ် ဌာနမှပေးသော ပိုစတာများသာမက ပြင်ပမှလူရုပ်ပုံများများပါသော ပြက္ခဒိန်များ၊ လက်ကမ်းစာစောင်များကိုလည်း ထိုနည်းများအသုံးပြု၍ သင်ကြားနိုင်ပါသည်။

ပိုစတာများအသုံးပြုရာတွင် ပထမဦးစွာ ပြတင်းပေါက်များသုံး၍ လှုံ့ဆော်ခြင်းနည်းကို ဦးစွာအသုံးပြုသင့်ပါသည်။ ဒုတိယအဆင့်အနေဖြင့် အဖွင့်မေးခွန်းများမေး၍ လှုံ့ဆော်နည်းနှင့် တတိယအဆင့်အနေဖြင့် စကားပြောကွက်၊ စဉ်းစားကွက်များသုံး၍ လှုံ့ဆော်နည်းကို အသုံးပြုသင့်ပါသည်။ ပိုစတာကြီးပါက (သို့) ကလေးများ လေ့လာစရာများပါက ပိုစတာကို ၂ ပိုင်း ခွဲ၍ ပြတင်းပေါက်များပြုလုပ်၍ အသုံးပြုသင့်ပါသည်။

သူငယ်တန်းစာသင်နှစ်တွင် သင်ကြားရမည့် သင်ခန်းစာခေါင်းစဉ် ၁၅ ခုကို ဌာနမှ ပေးသော ပိုစတာများဖြင့် အောက်ပါအတိုင်း ချိတ်ဆက်သင်ကြားနိုင်ပါသည်–

| စဉ် | ပိုစတာအမည် | သင်ယူဖွံ့ဖြိုးမှုနယ်ပယ် | အသုံးပြုနိုင်သော သင်ခန်းစာခေါင်းစဉ်များ |
|---|---|---|---|
| ၁ | ဈေးမြင်ကွင်း | – ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ချမ်းသာခြင်း<br>– စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးခြင်း<br>– အပြန်အလှန်ဆက်သွယ်ပြောဆိုခြင်း<br>– သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း<br>– အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း<br>– ပတ်ဝန်းကျင်လောကကိုသိရှိနားလည်ခြင်း | မိမိအကြောင်း<br>တို့မိသားစု<br>တို့ရပ်ရွာ<br>ဈေး<br>ပွဲတော် |
| ၂ | ရေအကြောင်း | | ရာသီဥတု<br>ရေ |
| ၃ | တိရစ္ဆာန်ရုံမြင်ကွင်း | | အပင်များ<br>ပိုးကောင်လေးများ<br>ငှက်များ<br>နို့တိုက်သတ္တဝါများ |

ထို့ကြောင့် ဆရာ၊ဆရာမများအနေဖြင့် ပိုစတာများကို နံရံတွင်ကပ်ထားရုံသာ ကပ်ထားပြီး မသုံးဘဲ စုတ်ပြဲသွားစေမည့်အစား ကလေးများ၏ စဉ်းစားဉာဏ်နှင့် ဝေဖန်ဆန်းစစ်နိုင်မှု ဖြစ်စေသော စကားပြောပိုစတာများအဖြစ် အသုံးပြုသင်ကြားကြပါရန်တိုက်တွန်းအပ်ပါသည်။

DBE BOX

## အပိုင်း ၆။ အခန်း(၆)အတွက် မိမိကိုယ်ကိုအကဲဖြတ်ခြင်း

**မင်္ဂလာပါ–**

အခန်း(၆) ပြီးဆုံးသွားပြီဖြစ်သည်။ သင်ကောင်းစွာလေ့လာသိရှိပြီး ဖြစ်/မဖြစ် မိမိကိုယ်ကို အကဲဖြတ်ပါ။



**ဖတ်ပြီးစဉ်းစားပါ။**

အောက်ပါမေးခွန်းများကို အလွယ်တကူဖြေနိုင်ပါသလား။ ဖြေနိုင်ပါက သင်ကောင်းစွာ သိရှိသွားပြီဖြစ်သည်။

၁။ သူငယ်တန်းကလေးများအတွက် သင်ယူမှုလုပ်ငန်းများက ဘာတွေလဲ။

၂။ အကြောင်းအရာအခြေပြုချဉ်းကပ်နည်းများ ဘယ်လိုပြုလုပ်ရမလဲ။

၃။ သူငယ်တန်းစာသင်ခန်းကို ဘယ်လိုပြင်ဆင်ဆောင်ရွက်နိုင်မလဲ။

၄။ စာသင်ခန်းအတွင်း သင်ယူရန်နေရာများကို ဘယ်လိုစီစဉ်နိုင်သလဲ။

အောက်ပါမေးခွန်းများကို **'ဟုတ်ပါသည်'** ဟု ရိုးသားစွာ ဖြေဆိုနိုင်ပါသလား။ ဖြေဆိုနိုင်ပါက သင် ကောင်းစွာပြန်လည်အသုံးချနိုင်ခဲ့ပြီ ဖြစ်သည်။

၅။ သူငယ်တန်းကလေးများအတွက် သင်ကြားရေး အစီအစဉ်များ၊ ကွန်ရက်ရေးဆွဲခြင်းကို လက်တွေ့ အသုံးချရာတွင်အောင်မြင်ပါသလား။

၆။ သင်၏စာသင်ခန်းတွင် သင်ယူရန်နေရာများကို စီစဉ်ဆောင်ရွက်ပြီးပြီလား။

သင်ကောင်းစွာလေ့လာသိရှိသွားပြီဆိုလျှင် အခန်း(၇) ကိုဆက်လက်လေ့လာပါ။ အချို့ အချက်များကို မရှင်းလင်းဖြစ်နေသေးပါကလည်း လုပ်ဖော်ကိုင်ဖက်များနှင့်အတူ အခန်း(၆)ကို ပြန်လည် လေ့လာပါ။ သို့ရာတွင် ကိုယ်ပိုင်အချိန်တွင် အောက်ပါလုပ်ငန်းကို ပြုလုပ်ပါ–

- မရှင်းလင်းသေးသည့်အပိုဒ်များကို ပြန်ဖတ်ပါ။

———॥———

DBE BOX